မြန်မာ့အလင်း
၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

### ကောင်းမှုပြုလျှင် မြတ်၏

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၉၀)

## အာဇာနည်ခေါင်းဆောင်ကြီးများအား နိုင်ငံတော်သမ္မတနှင့် ဇနီး ရည်စူးကုသိုလ်ပြုအမျှပေးဝေ

စာမျက်နှာ - ၃



# ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပ

## အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချဂါရဝပြု



နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ပြည်သူများ အလေးပြုကြစဉ် ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး မေတ္တာပို့သ အမျှပေးဝေသည်။

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားသို့ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

စာမျက်နှာ ၄ ကော်လံ ၁ ✱



မြန်မာ့အလင်း

# ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်

ဒီမိုကရက်တစ်အစိုးရများ၏ လက်အောက်တွင် ပြည်သူ့ဝန်ထမ်းများသည် ကိုယ်တိုင်ကြံဆဖော်ဆောင်နိုင်သည့် အရည်အချင်းရှိကြရမည် ဖြစ်ပါကြောင်း၊ သုံးသပ်ရွေးချယ်နိုင်ရန် မူဝါဒများဖော်ထုတ်တင်ပြခြင်း၊ ခက်ခဲသည့် ပြဿနာရပ်များနှင့်ပတ်သက်၍ ဖြေရှင်းနည်းအဆိုပြုချက်များ တင်ပြပေးခြင်းတို့ကို လုပ်ဆောင်နိုင်ရမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြီးခဲ့သည့် ဇူလိုင် ၁၀ ရက်က မြန်မာနိုင်ငံနိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ထုတ်ပြန်ကြေညာသည့် အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ ဤသည်မှာ နိုင်ငံ၏မျက်မှောက် အခြေအနေက အရည်အချင်း၊ အရည်အသွေးပြည့်ဝမြင့်မားသော လုပ်ရည်ကိုင်ရည်ကောင်းမွန်သော နိုင်ငံ့ဝန်ထမ်းများ လိုအပ်နေကြောင်းကို ပြဆိုနေခြင်းလည်းဖြစ်သည်။

ဒီမိုကရေစီစနစ်အရ ပြည်သူက ရွေးချယ်တင်မြှောက်သော အစိုးရအဖွဲ့များမှာ သက်တမ်းတစ်ခုပြီးတစ်ခု ပြောင်းလဲမှုများရှိနေမည်ဖြစ်သော်လည်း တက်ရောက်လာသောအစိုးရအဖွဲ့များ၏ မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတာဝန်များထမ်းဆောင်ကြရမည့် ဝန်ထမ်းအဖွဲ့အစည်းများမှာမူ အရည်အချင်းပြည့်ပြည့်ဝဝ၊ ဖွဲ့စည်းမှုခိုင်ခိုင်မာမာဖြင့် တည်တည်ငြိမ်ငြိမ် တည်ရှိနေရမည်ဖြစ်သည်။ "ဒီမိုကရေစီစနစ်တွင် 'မလုပ်၊ မရှုပ်၊ မပြုတ်' အတွေးအခေါ်အတွက် နေရာမရှိနိုင်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့်အစိုးရအပေါ်တွင် တာဝန်ခံရမည်ဖြစ်ပါကြောင်း၊ အစိုးရ၏လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သမာသမတ်ရှိရှိ၊လုပ်ငန်းတာဝန်သိသိ၊ အသိဉာဏ်ပါပါ၊ နိုးနိုးကြားကြား၊ တက်တက်ကြွကြွဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း" နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်းပြောကြားခဲ့ရာ ပြည်သူ့ဝန်ထမ်းများအပေါ် နိုင်ငံတော်အစိုးရ၏မျှော်လင့်မှုကို ရှင်းလင်းစွာ ဖော်ပြထားသည်ကို တွေ့မြင်နိုင်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် (ဝါ) နိုင်ငံတော်ကို တည်ဆောက်ရာတွင် အစိုးရအဖွဲ့နှင့်နိုင်ငံ့ဝန်ထမ်းတို့မှာ အဓိကဖော်ဆောင်ဖန်တီးသူများဖြစ်သည်။ နိုင်ငံတော် အစိုးရတစ်ရပ်၏ ပုံရိပ်ကောင်းမွန်မှုသည် နိုင်ငံ့ဝန်ထမ်းများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာအရည်အသွေးများ ကောင်းမွန်မှု၊ကျင့်ဝတ်နှင့်စည်းကမ်းများ လေးစားစွာ လိုက်နာစောင့်ထိန်းမှုတို့အပေါ်တွင်လည်း တစ်စိတ်တစ်ပိုင်း မှီတည်လျက်ရှိနေသည်။ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားတွင် နိုင်ငံတော်အစိုးရနှင့် ဝန်ထမ်းအဖွဲ့အစည်းများပါဝင်ကြသည့်အလျောက် အစိုးရ၏မူဝါဒနှင့် ကျွမ်းကျင်ထက်မြက်ကောင်းမွန်သော ဝန်ထမ်းအဖွဲ့အစည်းတို့ကသာ ကောင်းမွန်သည့် အုပ်ချုပ်ရေးတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကိုဖော်ဆောင်နိုင်မှသာ ကောင်းမွန်သော လူ့အဖွဲ့အစည်းကို ထူထောင်နိုင်မှာ ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ၁၉၄၈ခုနှစ် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ချိန်နောက်ပိုင်း ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရအဆက်ဆက်တို့၏ မူဝါဒအမျိုးမျိုး၊ အုပ်ချုပ်ရေးစနစ် အမျိုးမျိုးတို့ကို ကျင့်သုံးခဲ့ရသည့်အလျောက် ဝန်ထမ်းအဖွဲ့အစည်းများနှင့် ဝန်ထမ်းများအတွင်း ခေတ်ဟောင်းစနစ်ဟောင်းမှ လုပ်ထုံးလုပ်နည်းအကြွင်းအကျန်များ၊ အကျင့်ဟောင်းအကျင့်ဆိုးများ၊ ခေတ်စနစ်နှင့်မကိုက်ညီတော့သည့်စနစ်များ၊ လုပ်နည်းကိုင်နည်း နည်းလမ်းဟောင်းအစဉ်အလာဟောင်းများမှာ ကြွင်းကျန်တည်ရှိနေဆဲဖြစ်သည့်အလျောက် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့်ကျင့်ဝတ်စည်းကမ်းလိုက်နာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို မြှင့်တင်ပေးရန်လိုအပ်သည့်နည်းတူ လုပ်ငန်းဌာနအသီးသီးတို့တွင် ကြွင်းကျန်လျက်ရှိသည့် ခေတ်စနစ်နှင့်မလျော်ညီတော့သော၊ ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာရေးဆောင်ရွက်ရာတွင် အဟန့်အတားသဖွယ်ဖြစ်စေသော လုပ်ထုံးလုပ်နည်း၊ အတွေးအခေါ်အစဉ်အလာကောင်းများကိုပါ ရှင်းလင်းဖယ်ရှား၍ သင့်လျော်ကောင်းမွန်သည့်စနစ်သစ်များ ဖော်ထုတ်ဆောင်ရွက်သွားရန်လိုမည်ဖြစ်ပါကြောင်း။ ။

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁၉**

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများအား စိုက်ပျိုးနည်းပညာပေး သင်တန်း စာတွေ့နှင့်ကွင်းဆင်း လက်တွေ့ ၂ ရက်ကို ဇူလိုင်လ ဒုတိယပတ်က ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူးဦးလှမြင့်က စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုတည်းသာရှိ၍ အချင်းချင်းစည်းလုံးညီညွတ်မှု အားကောင်းကြောင်း၊ သက်ဆိုင်ရာ မြို့နယ်များတွင် ဝန်ထမ်းဟောင်းများနှင့်ပူးတွဲ၍ တောင်သူစိုက်ပျိုး နည်းပညာများကိုလေ့လာပြီး နောက်ဆုံးစာတမ်းကောင်းရရန် ကြိုးစားကြစေလိုကြောင်း၊ မျိုးထုတ်လုပ်ခြင်းလုပ်ငန်းတွင် ကျွမ်းကျင်မှုသည် အရေးကြီးဆုံးဖြစ်သည့်အတွက် သေချာလေ့လာပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးတက္ကသိုလ် (ညောင်ပင်သာ) ကျောင်းအုပ်ကြီးဒေါက်တာ သက်လင်းက Internship Program နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသို့ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ကျောင်းသားကျောင်းသူ ၃၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ထင်သာမြင်သာပြုပြင်စရာ

# ပဲခူးမြို့ မီးရထားခုံးကျော်တံတား ညအချိန် မီးလင်းစေချင်

ပဲခူးမြို့မီးရထား ခုံးကျော်တံတားကြီးကို ဖြတ်၍ မွန်ပြည်နယ်အပါအဝင် အထက်မြန်မာပြည်သို့ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဥဒဟိုသွားလာနေကြသည်။ ထိုတံတားသည် မြို့တွင်းသာမက ဆက်စပ်တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကူးလူးဖြတ်သန်းသွားလာရာ အဓိက လမ်းတံတားကြီး တစ်ခုပင်ဖြစ်သည်။



အဆိုပါ ခုံးကျော်တံတားပေါ်ရှိ မီးတိုင်များ မီးမလင်းသည်မှာ လနှင့်ချီကြာခဲ့ပြီဖြစ်၍ ညအချိန်မိုးကြီးသည့်အခါ မီးအားစူးသော ယာဉ်ကြီးများကြောင့် အချို့ယာဉ်များမှာ အမြင်အာရုံ မရှင်းလင်းမှုများရှိသဖြင့် ယာဉ်အန္တရာယ် စိုးရိမ်ကြရသည်။

ထို့အပြင် အမှောင်ထုကို အမှီပြုပြီး ဒုစရိုက်မှုများလည်း ဖြစ်ပေါ်လာနိုင်သည့်အတွက် လမ်းအသုံးပြုသွားလာနေရသည့် ပြည်သူများ ဘေးအန္တရာယ်မရှိစေရေး မီးတိုင်များအား ညအချိန်မီးလင်းရေး ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများနှင့်ခရီးသွားပြည်သူများက ဆန္ဒရှိကြကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

# သဘင်၊ ရုပ်ရှင်၊ အနုပညာရန်ပုံငွေပွဲတော်ကြီးတွင် ကူညီခဲ့သည့်ပရဟိတအသင်းများအား ဂုဏ်ပြုချီးမြှင့်

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး သဘင်လူမှုကူညီရေးအသင်းမှ မန္တလေးအမျိုးသားကဇာတ်ရုံ၌ ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့တွင် သဘင်ရုပ်ရှင်အနုပညာရန်ပုံငွေပွဲတော်ကြီး တင်ဆက်ကပြခဲ့ရာတွင် အကူအညီပေးခဲ့သော ပရဟိတအဖွဲ့များအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁၆ ရက်က မန္တလေးမဟာအောင်မြေမြို့နယ် (၄၂) လမ်း၊ (၈၃×၈၄)လမ်းကြားရှိ လောကနတ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ပန်တျာစိန်မောင်းက အမှာစကားပြောကြားပြီး သဘင်၊ ရုပ်ရှင်၊ အနုပညာရန်ပုံငွေ ပွဲတော်ကြီးတွင် ပါဝင်ကူညီခဲ့သည့် ပရဟိတအသင်းများဖြစ်သော မြန်မာ့သဘင်အလှုဆင်သူများအဖွဲ့၊ ဂီတကွန်ရက်ပရဟိတအသင်း၊ ပရဟိတရွှေလက်များ ပရဟိတအသင်းနှင့် လူ့ရှင်တော်များပရဟိတအသင်းများအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်ငါးသိန်းစီကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး သဘင်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းနောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၉-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၅၃ | ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ | ·၇၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | ·၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၀၇ |
| တရုတ် | တစ်ယွမ် | ၂၀၀ | ·၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ | ·၈၅ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီငွေ၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အာဇာနည်ခေါင်းဆောင်ကြီးများအား နိုင်ငံတော်သမ္မတနှင့် ဇနီး ရည်စူးကုသိုလ်ပြုအမှျပေးဝေ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် ညှိ့ပရိသတ်များ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၉**

နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး ကုသိုလ်ပြုအမှျပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီးဒေါ်ဌေးရီ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီးဒေါ်အေးသီတာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် ညှိ့ပရိသတ်များ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ် (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်ညှိ့ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာနှင့် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ညှိ့ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ သံဝေဂကထာတရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကာ ရေစက်သွန်းလောင်း အမှျပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် ညှိ့ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်လှူဒါန်း၊ အလှူဒါနပြုအမှျပေးဝေ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အလှူဒါနအမှျပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံရေးပါတီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဥတ္တမဉာဏာဘိဝံသထံမှ ညှိ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်သည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေဦးဆရာတော်ထံမှ ရေစက်ချတရားနာယူကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အမှျပေးဝေကြသည်။



**(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ကျင်းပရေးဗဟိုကော်မတီ နှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နှစ်(၇၀)ပြည့်

စာမျက်နှာ ၅ သို့



ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခြင်းချကာ ကန်တော့စဉ် (သတင်းစဉ်)



သခင်မြဂူဗိမာန်၌ သခင်မြ၏မိသားစုများ လွမ်းသူ့ပန်းခွေချကန်တော့စဉ် (သတင်းစဉ်)



ဒီးဒုတ်ဦးဘချို ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏မိသားစုများ လွမ်းသူ့ပန်းခွေချစဉ် (သတင်းစဉ်)



ဦးဘဝင်းဂူဗိမာန်၌ ဦးဘဝင်း၏မိသားစုများ လွမ်းသူ့ပန်းခွေချစဉ် (သတင်းစဉ်)



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုများ လွမ်းသူ့ပန်းခွေချကန်တော့စဉ် (သတင်းစဉ်)



မန်းဘခိုင်ဂူဗိမာန်၌ မန်းဘခိုင်၏မိသားစုများ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ် (သတင်းစဉ်)



မန်းဘခိုင်ဂူဗိမာန်၌ မန်းဘခိုင်၏မိသားစုများ လွမ်းသူ့ပန်းခွေချစဉ် (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် အာဇာနည်ဗိမာန် နားနေဆောင်ခန်းမ၌ အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွှမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက် အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ အလေးပြုကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ် ငြိမ်သက်စွာဖြင့် မေတ္တာပို့သအမျှပေးဝေကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦး ကိုယ်စား ဦးလှဖေ၊ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက အထိမ်းအမှတ် ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများချကာ အလေးပြုကြပြီး ဂါရဝပြု မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် နှစ် (၇၀)ပြည့် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွှမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြစဉ် (သတင်းစဉ်)



မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြသည်။

ယခုနှစ် ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် အာဇာနည်နေ့ အခမ်းအနားကျင်းပရာ အာဇာနည်ဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်နှင့် မိန့်ခွန်းများ၊ မြန်မာ့လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ သမိုင်းမှတ်တမ်းများနှင့် သမိုင်းဝင်ဓာတ်ပုံများကို ပြည်သူများလေ့လာကြည့်ရှုနိုင်ရန် Graphic Board များကို စီစဉ်ပြသထားသည်။

**(သတင်းစဉ်)**



ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦး ကိုယ်စား ဦးလှဖေ လွှမ်းသူ့ပန်းခွေချစဉ် (သတင်းစဉ်)



ဦးရာဇတ်ဂူဗိမာန်၌ ဦးရာဇတ်၏မိသားစုများ လွှမ်းသူ့ပန်းခွေချရန် လာရောက်စဉ် (သတင်းစဉ်)



ဦးအုန်းမောင်ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုများ လွှမ်းသူ့ပန်းခွေချ ကန်တော့စဉ် (သတင်းစဉ်)



ရဲဘော်ကိုထွေး ဂူဗိမာန်၌ ရဲဘော် ကိုထွေး၏ မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ် (သတင်းစဉ်)

# ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများထံမှ မျိုးဆက်သစ်များက ဘာတွေစံနမူနာယူကြမလဲ


ဗိုလ်ချုပ်အောင်ဆန်း၏သမီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်


သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို


အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏သား ဦးရဲမြင့်အောင်


အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်စင်ချို

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၇ ခုနှစ် ဇူလိုင် ၁၉ ရက်သည် နှစ်(၇၀)ပြည့် အာဇာနည်နေ့ဖြစ်သည်။ တစ်နည်းအားဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ နှစ်(၇၀) ပြည့်ခဲ့ပြီဖြစ်သည်။

အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကို ကျေးဇူးဆပ်လိုကြလျှင် ရရှိပြီးသော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်သာမက ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပေသည်။

မျိုးဆက်သစ်လူငယ်များ အနေဖြင့်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများထံမှ ကောင်းမြတ်သည့် အာဇာနည်စိတ်ဓာတ်များကို မွေ့ခံထိုက်စေ စံနမူနာရယူကြရပေမည်။

သို့ဖြစ်၍ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နှစ်(၇၀)ပြည့် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား မြန်မာ့သတင်းစဉ်က တွေ့ဆုံ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများထံမှ မျိုးဆက်သစ်များက ဘာတွေကို စံနမူနာယူကြမလဲ ခေါင်းစဉ်ဖြင့် မေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

**ဗိုလ်ချုပ်အောင်ဆန်း၏သမီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

အာဇာနည်စိတ်ဓာတ်က တကယ်တော့ ရိုးရိုးရှင်းရှင်းလေးပါပဲ၊ ကိုယ့်ရဲ့အကျိုးထက် အများအကျိုးကိုရှေ့ထားတယ်ဆိုတာ အာဇာနည်စိတ်ဓာတ်ရဲ့ အရင်းခံပဲ။ ကိုယ့်အကျိုးထက် အများအကျိုးကို ရှေ့တန်းတင်ရင် အာဇာနည်ပေါ့။ အဓိက အဓိပ္ပာယ်တွေကတော့ သက်သက်ပေါ့၊ တကယ်တော့ အများအကျိုးမရှိတဲ့ကိစ္စဟာ နောက်ဆုံးမှာ ကိုယ့်အတွက်လည်း အကျိုးမရှိနိုင်ဘူး။ အဲဒီဘက်ကကြည့်ရင်ကို အများအကျိုးကို အမြဲရှေ့ထားဖို့ လိုအပ်တယ်။

အဓိကကတော့ အာဇာနည်ဆိုတာ ဘာလဲ၊ အာဇာနည်နေ့ဆိုတာ ဆင်ခြင်ရမယ့်နေ့ပေါ့။ ပြည်သူတွေက နောက်ဆုံးမှာ သတ်မှတ်တာပါပဲ။ ဘယ်လိုလူမျိုးကို အာဇာနည်လို့ခေါ်မလဲ၊ လက်ခံမလဲဆိုတာ ပြည်သူတွေက သတ်မှတ်တာပါပဲ။ ဒါကြောင့် အာဇာနည်နေ့ဆိုတာ အဓိက ပြည်သူတွေနဲ့ဆိုင်တာပေါ့။ ပြည်သူတွေကြောင့် ပေါ်ပေါက်လာတဲ့နေ့ပေါ့၊ အဲဒါကိုတော့ သတိပြုစေချင်တယ်။ နောက်ဆုံး ကျတော့ နိုင်ငံတစ်နိုင်ငံရဲ့ ကံကြမ္မာကို ဆုံးဖြတ်တာ ပြည်သူတွေပဲဆိုတာပါပဲ။


အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ သားအငယ်ဆုံးဖြစ်သူ ဦးထွေးဝင်း


အာဇာနည်ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏သား စဝ်ကိုင်ဖ


အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်


အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏မြေး ဦးမြတ်ထူးရာဇတ်


အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ သားအငယ်ဆုံး ဒေါက်တာမင်းမြင့်


အာဇာနည် ရဲဘော် ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီးအောင်ကိုကို(အငြိမ်းစား)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

မျိုးဆက်သစ်တွေအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းကိုအတုယူစရာက ကိုယ်ကျင့်သိက္ခာပဲ။ ပြောဆိုလုပ်ကိုင်မှုတွေလည်း ပြတ်သားတာတွေပေါ့။ ဗိုလ်ချုပ်ဆီက ယူရမယ်ဆိုရင်တော့ အများကြီးပဲ၊ ကျွန်တော်တို့ကိုယ်တိုင်လည်း ယူခဲ့ပါတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝကတည်းက ဗိုလ်ချုပ်ရဲ့ ပြောဆိုလုပ်ကိုင်မှုတွေပေါ့၊ အတုယူစရာ အများကြီးရှိပါတယ်။ ပြောရမယ်ဆိုရင် ပြောစရာအများကြီးရှိတယ်။ ယူတတ်ရင် အများကြီးရပါတယ်လို့ ပြောလိုပါတယ်။

ရဲဘော်သုံးကျိပ်အပါအဝင် ပြည်သူလူထုကြိုးစားအားထုတ်ခဲ့တဲ့ လွတ်လပ်ရေးပါ။ နှစ်ပေါင်း ၇၀ ကြာခဲ့ပါပြီ၊ ဗိုလ်ချုပ်တို့ရဲ့ ကျေးဇူးကိုလည်း လုံးဝမမေ့ဖို့လိုပါတယ်။ ရယူခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက်လည်း ထာဝရတည်တံ့နေအောင် တိုင်းရင်းသားပြည်သူအားလုံးနဲ့ တပ်မတော်က လက်တွဲဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။ အဓိကကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကျေးဇူးကို မမေ့ဖို့လိုတယ်ဆိုတာ ပြောချင်ပါတယ်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**

ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်ပြီး မျိုးဆက်သစ်တွေ အတုယူအားကျသင့်တဲ့ အချက်အလက်ပေါင်းများစွာရှိပါတယ်။ ပြောလို့တောင် ကုန်နိုင်မှာမဟုတ်ပါဘူး၊ အဓိက ကတော့ ရိုးသားဖြောင့်မတ်ခြင်းနဲ့ သတ္တိရှိခြင်းပါ။ ရိုးသားဖြောင့်မတ်တဲ့နေရာမှာ ဗိုလ်ချုပ်အောင်ဆန်းဟာ ငယ်စဉ်ကျောင်းသားဘဝကတည်းက စတင်လာခဲ့ပြီး တစိုက်မတ်မတ် ရိုးသားဖြောင့်မတ်မှုကို လက်ကိုင်ပြုခဲ့ပါတယ်။ သူ့ရဲ့ရိုးသားဖြောင့်မတ်မှုကို ဘယ်အရာနဲ့မှ မလဲခဲ့ပါဘူး။ မည်သည့် အခွင့်၊ အာဏာ၊ မက်လုံးတို့နဲ့လည်း မလဲခဲ့ပါဘူး။ တောက်လျှောက် လက်ကိုင်ပြုခဲ့တယ်။ နောက်ပြီး သတ္တိရှိတယ်၊ အမှန်တရားပေါ်ကိုရပ်တည်ပြီးမှ သတ္တိကိုမွေးမြူထားတယ်။ အမှန်တရားနဲ့ ပတ်သက်လာရင် ရပ်တည်ချက်သတ္တိက တစ်ပြားသားမှ အလျှော့မပေးပါဘူး။ ဘယ်လို ဖိအားပေး ခြိမ်းခြောက်ခြောက် ယိမ်းယိုင်မသွားပါဘူး။ ဒါသည် အင်မတန်ကောင်းတဲ့ ဂုဏ်အင်္ဂါအရည်အသွေးတစ်ရပ်ဖြစ်ပါတယ်။

နောက်တစ်ချက်က ကိုယ်ကျိုးစွန့်လွှတ်မှုဖြစ်ပါတယ်။ သူသည် မျိုးရိုးဇာတိအရ လည်းကောင်း၊ ပင်ကိုသဘာဝအရ လည်းကောင်း သူ့ရဲ့အတ္တထက် ပရကို ဦးစားပေးစွန့်လွှတ်ခဲ့ပါတယ်။ ပရဆိုတဲ့နေရာမှာ သူ့နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားများကိုပဲ ဘဝမှာ သယ်ပိုးရှန်းကန်မယ်လို့ သန္နိဋ္ဌာန်ချမှတ်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပါတယ်။ သူ့ဘဝတစ်သက်တာလုံး သက်တမ်းမရှည်ကြာသော်လည်း ကိုယ်ကျိုးစီးပွား ဘာမှမလုပ်ခဲ့ပါဘူး။ တကယ်လို့ သက်တမ်းရှည်ကြာခဲ့မယ်ဆိုလည်း မည်သည့်ကိုယ်ကျိုးစီးပွားမှ လုပ်မှာမဟုတ်ပါဘူး။ အားလုံးသိတဲ့အတိုင်း နိုင်ငံအတွက် အသက်ပေးချိန်အထိ အဝတ်အထည် သုံး၊ လေးစုံလောက်နဲ့ နေသွားပါတယ်။ မည်သည့် စည်းစိမ်၊ ဥစ္စာ၊ ဇိမ်ခံမှုမှ မရှိခဲ့ပါဘူး။ ဒါသည် သူ့ရဲ့မြင့်မားလှတဲ့ အာဇာနည် ဂုဏ်အင်္ဂါအရည်အသွေးတစ်ရပ် ဖြစ်ပါတယ်။ နိုင်ငံနဲ့ လူမျိုးအတွက် အရာရာကို ရင်ဆိုင်ရဲတယ်။ ဘယ်လိုအတားအဆီးတွေ တွေ့တွေ့ မတုန်မလှုပ် မယိမ်းမယိုင်နဲ့ ရပ်တည်သွားတယ်။ နောင် နှစ်ပေါင်းတစ်ထောင်၊ နှစ်ထောင်အထိ မြန်မာပြည်သူတွေကြားမှာ ကိန်းအောင်းရှင်သန်နေမှာ ဖြစ်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏သား ဦးရဲမြင့်အောင်**

အာဇာနည်ခေါင်းဆောင်ကြီးတွေ တိုင်းပြည်အတွက် ဘယ်လိုလုပ်ခဲ့တယ်၊ ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ခဲ့တယ်။ ဒီလိုစိတ်ဓာတ်တွေ တော်တော်များများရှိသင့်ပါတယ်။ တိုင်းပြည်ပြုပြင်ပြောင်းလဲနေတဲ့အချိန်မှာ ကိုယ့်အတ္တတွေလျှော့၊ ဘာရမှ ဘာလုပ်မယ်ဆိုတဲ့ စိတ်တွေလျှော့ပြီးတော့ ကိုယ့်ဘက်က တတ်နိုင်သလောက် ကြိုးစားလုပ်ဆောင်ရင် ပိုကောင်းမှာဖြစ်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်စင်ချို**

အဘိုးက စွယ်စုံထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ ဂီတအနုပညာရော၊ သတင်းစာပညာရောပါ။ မျိုးဆက်သစ်တွေအနေနဲ့ အဘိုးထံက ဘာကို အတုယူစေချင်လဲဆိုတော့ စိတ်ဓာတ်ရယ်၊ အထူးသဖြင့် သတင်းစာနဲ့ပတ်သက်လို့ သတင်းစာဆရာတွေကို အဘိုးမှာကြားခဲ့တဲ့စကားအတိုင်း တိုင်းပြည်အတွက် အကျိုးရှိတဲ့ သတင်းမျိုးရော၊ အကျိုးရှိတဲ့ကိစ္စမျိုးရော၊ ဒါမျိုးတွေအသားပေးပြီးတော့ လုပ်ဆောင်စေချင်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ သားအငယ်ဆုံးဖြစ်သူ ဦးထွေးဝင်း**

အားလုံးက စာဖတ်ကြပေါ့နော်၊ ပြီးတော့ အလုပ်လုပ်ကြပေါ့။ လူငယ်တွေ စာဖတ်ရမှာဖြစ်တယ်၊ အရေးကြီးတယ်။ စာမဖတ်တော့ တိုင်းပြည်က သိပ်နစ်နာတယ်၊ နောက်ကျတယ်။ တိုင်းပြည်မှာ ပြန်လည်ထူထောင်ရေးတွေ အများကြီးလုပ်ဖို့ လိုအပ်တယ်။

**အာဇာနည်ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏သား စဝ်ကိုင်ဖ**

အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ဆောင်သွားတဲ့ လုပ်ငန်းစဉ်တွေကို လူငယ်တွေက

*စာမျက်နှာ ၇ သို့*

# အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ သံဃာတော်များအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နေ့ဆွမ်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၉

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄)ရှိ ၎င်း၏ နေအိမ်တွင် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။**



ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ သံဃာတော်အရှင်သူမြတ်များအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ် (သတင်းစဉ်)

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ အရှင်ဝီရိယ (ဓမ္မဘေရီ)တောင်စွန်းဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော် ၁၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရှင်ဝီရိယ(ဓမ္မဘေရီ) တောင်စွန်းဆရာတော်ထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံဆုတောင်းပွဲကျင်းပ



နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုးကွယ်ရာဘာသာများအလိုက် ဆုတောင်းမေတ္တာပို့သကြစဉ် (သတင်းစဉ်)

**ရန်ကုန် ဇူလိုင် ၁၉**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများသည် ဗိုလ်ချုပ်အောင်ဆန်းကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် ၁ မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်သူ၊ အစ္စလာမ်ဓမ္မဗိမာန် ဆော်သြရေးမှူး အယ်လ်ဟာဂျ် ဒေါက်တာဆောင်းလွင်အောင်၊ ဂျူးဘာသာခေါင်းဆောင် ဆမ်မီ၊ နိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာရေး အဖွဲ့ချုပ်အဖွဲ့ဝင် ဦးရွှေသီးနှင့် ရန်ကုန် ကက်သလစ်သာသနာ လက်ထောက်ဆရာတော် ဂျွန်စောယောဟန်တို့က မေတ္တာစကားများ ပြောကြားကြပြီး ကိုးကွယ်ရာ ဘာသာများအလိုက် ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ သိက္ခာတော်ရဆရာတော် ဒေါက်တာဇော်ဝင်းက ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပရိသတ်များက ဓမ္မဂုဏ်တော် ချီးမွမ်းပြီး ဂိုဏ်းချုပ်ဆရာတော် ဦးလူအေးက ကောင်းချီးမင်္ဂလာပေး၍ ဆုတောင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆုတောင်းပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသည့် အဖွဲ့များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆုတောင်းပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များတက်ရောက်ကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

ဦးစီးပြီးတော့ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ရဲ့ တိုးတက်ရာ တိုးတက်ကြောင်းကို ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်**

ဘယ်လုပ်ငန်းကိုမဆို သစ္စာရှိရှိ၊ တာဝန်သိသိနဲ့လုပ်ဆောင်ကြပါလို့ ပြောလိုပါတယ်။ ဖခင်က ကိုယ့်လူမျိုး၊ ကိုယ့်ဇာတိကို ချစ်တယ်။ အဲဒါထက် ပိုမိုကျယ်ပြန့်တဲ့ အမျိုးသားရေးစိတ်ဓာတ်အခံရှိတယ်၊ အမြဲတမ်း ပြတ်ပြတ်သားသား အလုပ်လုပ်တယ်လို့ ပြောလိုပါတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏မြေး ဦးမြတ်ထူးရာဇတ်**

အဓိကကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ပြောကြားခဲ့တဲ့အတိုင်း တိုင်းပြည်ချစ်မြတ်နိုးစိတ်၊ တိုင်းပြည်ရဲ့ လွတ်လပ်ရေးကို မြတ်နိုးစိတ်၊ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်မှုနဲ့ ညီညွတ်မှုတွေက အဓိကအရေးကြီးတယ်။

**အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ သားအငယ်ဆုံး ဒေါက်တာမင်းမြင့်**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရရှိအောင် လုပ်ဆောင်ခဲ့ပါတယ်။ ဒါကို နောင်လာနောက်သားတွေအနေနဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ လုပ်ပုံကိုင်ပုံ၊ အနေအထိုင်၊ အပြောအဆိုကို အတုယူသင့်ပါတယ်။ ဒီလို အမျိုးသားခေါင်းဆောင်မျိုးက တစ်ခေတ်မှာတစ်ခါပဲ ပေါ်မှာပါ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို အတုယူ လေးစားသင့်ပါတယ်လို့ ပြောချင်ပါတယ်။

**အာဇာနည် ရဲဘော်ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီးအောင်ကိုကို(အငြိမ်းစား)**

အာဇာနည်ကြီးတွေ လမ်းညွှန်ခဲ့တာတွေက အများကြီးပါ။ အဓိကကတော့ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ပါပဲ၊ လိုက်နာလို့ မကုန်နိုင်တာတွေပါ။ အခုထိလည်း ခေတ်မီနေသေးတယ်။ ပြည်သူတွေကို ပြောချင်တာကတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ပြောကြားခဲ့သလို မိန့်မှာချက်၊ လမ်းညွှန်ချက်တွေကို ပြန်သတိရပြီးတော့ လိုက်နာသင့်တာ လိုက်နာဖို့ဖြစ်တယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးဟာ အင်မတန်အရေးကြီးတယ်။ ငြိမ်းချမ်းရေးက အင်မတန်အရေးကြီးတယ်၊ ဒီလမ်းညွှန်ချက်နဲ့အညီ လိုက်နာကျင့်သုံးဖို့၊ လူငယ်တွေအနေနဲ့ကလည်း အသက်ငယ်သေးတယ်။ ဘာမှမလုပ်နိုင်သေးဘူးဆိုပြီး စိတ်အားငယ်စရာမလိုဘူး။ သူရသတ္တိရှိခြင်း၊ သစ္စာစောင့်သိခြင်း၊ စွန့်လွှတ်စိတ်နဲ့ အနစ်နာခံတတ်ခြင်းဆိုတဲ့ ဒီလိုစိတ်ဓာတ်တွေနဲ့ လူငယ်တွေ ကြိုးစားကြဖို့ မှာချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ မြတ်စန္ဒီ**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၉-** နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

(မိုး/ဇလ)

# ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကဏ်္ဏ နှစ်(၇၀)ပြည့်အာဇာနည်နေ့ အမှတ်တရစကား

**တေသကုဏ ဇာတ်တော်မှာ မြတ်စွာဘုရားရှင်က မင်းကျင့်တရားတွေ အများကြီးဟောထားပါတယ်။ အဲ့ဒီအထဲက တစ်ခုက ကဗျာဆန်ဆန်လေးမို့လို့ အမှတ်တရပြောပါရစေ။ ရန်သူရဲ့အမြစ်ကိုလည်း ဖြတ်ရမယ်၊ အညွှန့်ကိုလည်း ဖြတ်ရမယ်တဲ့။ ဒါက တိုက်ရိုက်ဘာသာပြန်လိုက်တာပါ။ မင်းကျင့်တရားကို ဟောထားတာဆိုတော့ အပြည့်အစုံဘာသာပြန်ရရင် ''နိုင်ငံ့ရန်သူရဲ့အမြစ်ကိုလည်း ဖြတ်ရမယ်၊ အညွှန့်ကိုလည်း ဖြတ်ရမယ်''လို့ အဓိပ္ပာယ်ရပါတယ်။**

နိုင်ငံသားတွေကို ဆိုးကျိုးဖြစ်စေတဲ့ သူဟာ နိုင်ငံ့ရန်သူပါပဲ။ နိုင်ငံတိုးတက်မှုကို အဟန့်အတားဖြစ်စေတဲ့သူဟာ နိုင်ငံ့ရန်သူပါပဲ။ ဘယ်လိုပုံစံ ဘယ်လိုအနေအထားမျိုးနဲ့ပဲဖြစ်ဖြစ် နိုင်ငံကို မတည်မငြိမ်ဖြစ်အောင်လုပ်တဲ့သူ၊ နိုင်ငံသားတွေရဲ့ စိတ်နှလုံးအေးချမ်းမှုနဲ့ ဘဝတိုးတက်မှုကို နှောင့်နှေးစေတဲ့သူတိုင်းဟာ နိုင်ငံ့ရန်သူတွေချည်းပါပဲ။ အဲ့ဒီ နိုင်ငံ့ရန်သူတွေရဲ့ အမြစ်ကိုလည်း ပြတ်ပြတ်သားသားဖြတ်တောက်ပစ်ရမယ်။ အညွှန့်ကိုလည်း ပြတ်ပြတ်သားသား ဖြတ်တောက်ပစ်ရမယ်။

နိုင်ငံကိုဆိုးကျိုးပြုတဲ့ နိုင်ငံ့ရန်သူတွေ အမျိုးစုံရှိတဲ့အထဲက ကျမ်းဂန်မှာ တိုက်ရိုက်ဖွင့်ဆိုပြထားတဲ့ ဥပမာလေးတစ်ခုပဲ ပြောပါမယ်။ ခိုးဆိုးလုနှိုက်လုပ်နေကြတဲ့သူတွေဟာ နိုင်ငံ့ရန်သူတွေပါ။ အဲ့ဒီ ခိုးဆိုးလုနှိုက်တွေရဲ့ အမြစ်ကိုလည်း ဖြတ်ရမယ်၊ အညွှန့်ကိုလည်း ဖြတ်ရမယ်။ အမြစ်ကိုဖြတ်တယ်ဆိုတာ ခိုးဆိုးလုနှိုက်လုပ်ရခြင်းရဲ့အကြောင်းအရင်းကို အမှန်တိုင်းသိအောင်ရှာပြီး အဲ့ဒီအကြောင်းအရင်းကို ဖယ်ရှားပစ်ဖို့ ပြောတာပါ။ ဆင်းရဲမွဲတေလို့ ခိုးဆိုးလုနှိုက်တာဆိုရင် ဆင်းရဲမွဲတေမှု ပပျောက်အောင်ဆောင်ရွက်ရမယ်။ အလုပ်လက်မဲ့ဖြစ်နေလို့ ခိုးဆိုးလုနှိုက်တာဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမယ်။ အဲ့ဒီလိုအားဖြင့် ခိုးဆိုးလုနှိုက် လုပ်နေကြရခြင်းရဲ့ အကြောင်းတရားတွေကို ဘက်ပေါင်းစုံကနေ အကွက်စေ့စေ့ လေ့လာသုံးသပ်ပြီး ပြေလည်သွားအောင်၊ အဆင်ပြေသွားအောင် နည်းလမ်းအမျိုးမျိုးနဲ့ ဖြေရှင်းဆောင်ရွက်ပေးတာဟာ ခိုးဆိုးလုနှိုက်ဆိုတဲ့ နိုင်ငံ့ရန်သူတွေရဲ့အမြစ်ကို ဖြတ်တောက်ပစ်တာပါပဲ။


ခိုးဆိုးလုနှိုက်တွေရဲ့အညွှန့်ကို ဖြတ်တယ်ဆိုတာကတော့ ခိုးဆိုးလုနှိုက်သမားတွေကို တရားဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူတာ၊ နောက်နောင် ဒီလိုအလုပ်မျိုး မလုပ်ဖြစ်အောင် အသိပညာပေးတာ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးတာ၊ အလုပ်လုပ်ချင်စိတ်ရှိအောင် တိုက်တွန်းနှိုးဆော်ပေးတာ၊ အလုပ်ခွင်တွေထဲ အရောက်ပို့ပေးတာတွေကို ပြောတာပါ။

ပြောလိုရင်းကတော့ ဘယ်ပြဿနာကိုမဆို ပြတ်ပြတ်သားသား ကိုင်တွယ်ဖြေရှင်းဖို့ပါပဲ။ ပြဿနာရဲ့အကြောင်းရင်း အမြစ်ကိုလည်း ပြတ်ပြတ်သားသား ဖြတ်တောက်ပစ်၊ ပြဿနာရဲ့အကျိုးဆက် အညွှန့်ကိုလည်း ပြတ်ပြတ်သားသား ဖြတ်တောက်ပစ်ရပါမယ်။ ခေါင်းဆောင်ကောင်းဆိုတာ လုပ်စရာရှိတဲ့အလုပ်တွေကို၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို ပြတ်ပြတ်သားသား လုပ်ကိုလုပ်ရပါမယ်။ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ရဲ့ မျက်နှာကိုမကြည့်ဘဲ နိုင်ငံသားအားလုံးရဲ့ မျက်နှာတစ်ခုတည်းကိုပဲကြည့်ပြီး ပြတ်ပြတ်သားသားလုပ်ရပါမယ်။

ခိုးဆိုးလုနှိုက်ကလည်း လမ်းပေါ်က ခိုးဆိုးလုနှိုက်နဲ့ နန်းပေါ်က ခိုးဆိုးလုနှိုက်ဆိုပြီး နှစ်မျိုးရှိပါတယ်။ ဆင်းရဲလို့၊ စားစရာမရှိလို့ ခိုးဆိုးလုနှိုက်တဲ့သူတွေကတော့ လမ်းပေါ်က ခိုးဆိုးလုနှိုက်ပါ။ ရာထူးအရှိန်အဝါရှိလို့ ရာထူးအရှိန်အဝါအားကိုးပြီး မတော်မတရားတဲ့နည်းလမ်းနဲ့ ကိုယ်ကျိုးစီးပွားရှာတဲ့သူတွေဟာ နန်းပေါ်က ခိုးဆိုးလုနှိုက်ပါ။ နန်းဆိုတာ နန်းတော်လို ခမ်းနားကြီးကျယ်တဲ့ တိုက်တာအဆောက်အအုံတွေ၊ စည်းစိမ်ချမ်းသာတွေကို ပြောတာပါ။ အဂတိလိုက်စားပြီး ချမ်းသာအောင်လုပ်နေသူတွေဟာ နန်းပေါ်က ခိုးဆိုးလုနှိုက်တွေပါပဲ။

စားစရာမရှိလို့ ခိုးတဲ့သူကို လမ်းပေါ်က ခိုးဆိုးလုနှိုက်၊ ထားစရာမရှိအောင် ခိုးတဲ့သူကို နန်းပေါ်က ခိုးဆိုးလုနှိုက်လို့ပြောရမှာပေါ့။

နန်းပေါ်က ခိုးဆိုးလုနှိုက်တွေရဲ့ အမြစ်ကိုလည်း ဖြတ်ရမယ်။ မတော်လောဘကြီးလို့ ခိုးတာဆိုရင် မတော်လောဘနည်းသွားအောင်၊ အတ္တလွန်ကဲလို့ ခိုးတာဆိုရင် အတ္တလျော့ပါးသွားအောင်၊ တရားဥပဒေမလေးစားလို့ ခိုးတာဆိုရင် တရားဥပဒေကို လေးစားရကောင်းမှန်းသိအောင် ပြောပြပေးရမှာပါပဲ။ လူတစ်ယောက်ရဲ့ပစ္စည်းကို ခိုးတာထက် အများပြည်သူပိုင်ဆိုင်တဲ့ ပြည်သူပိုင်ပစ္စည်းခိုးတာက ပိုအပြစ်ကြီးတယ်။ သံသရာမှာ ဆိုးကျိုးတွေ ပိုခံစားရမယ် ဆိုတာမျိုးလည်း ပြောသင့်ရင်ပြောပြရမှာပေါ့။


ဆရာတော် အရှင်ဆန္ဒာဓိက

နန်းပေါ်က ခိုးဆိုးလုနှိုက်တွေရဲ့ အညွှန့်ကိုလည်း ဖြတ်ရမယ်။ မတော်မတရား အခွင့်အရေးယူထားတဲ့သူတွေ၊ မမှန်မကန်နည်းလမ်းနဲ့ ကိုယ်ကျိုးစီးပွားရှာတဲ့သူတွေ၊ ပုံစံအမျိုးမျိုးနဲ့ အဂတိလိုက်စားတဲ့သူတွေကို တရားဥပဒေနဲ့အညီ ထိထိရောက်ရောက်အရေးယူရမယ်။ နောက်နောင် မလုပ်သင့်မလုပ်ထိုက်တာတွေကို မလုပ်အောင် အသိပညာပေးရမယ်။ တရားမမျှတတဲ့ နည်းလမ်းနဲ့ ပိုင်ဆိုင်ထားတဲ့ သူတို့ရဲ့ စီးပွားဥစ္စာတွေကိုလည်း ဒေသကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးအတွက် ပြန်လည်အသုံးပြုနိုင်အောင် ဖန်တီးပေးရမယ်။

**တစ်ခေတ်တစ်ခါက တရားမမျှတတဲ့ နည်းလမ်းတွေ၊ နီးစပ်ရာနည်းလမ်းတွေနဲ့ ကြီးပွားချမ်းသာခဲ့ကြတဲ့သူတွေရဲ့ပိုင်ဆိုင်မှုတွေကို ခေတ်သစ်၊ စနစ်သစ်တည်ဆောက်နေတဲ့အခုချိန်မှာ တိုင်းပြုပြည်ပြုလုပ်ငန်းတွေအတွက် ထိထိရောက်ရောက် ပြန်လည်အသုံးချနိုင်မယ်ဆိုရင် တိုင်းပြည်ဟာ အချိန်တိုအတွင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်သွားမှာ သေချာပါတယ်။ အသုံးချဖြစ်အောင်လည်း သိမ်မွေ့နူးညံ့တဲ့ နည်းလမ်းတွေနဲ့ အသိပညာပေးနိုင်ရင်၊ တိုက်တွန်းနှိုးဆော်နိုင်ရင် ပင်ကိုဓာတ်ခံကောင်းပြီးသား မြန်မာနိုင်ငံသားတွေအတွက် ဖြစ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။**

တစ်ခေတ်တစ်ခါက တရားမမျှတတဲ့ နည်းလမ်းတွေ၊ နီးစပ်ရာ နည်းလမ်းတွေနဲ့ ကြီးပွားချမ်းသာခဲ့ကြတဲ့သူတွေရဲ့ပိုင်ဆိုင်မှုတွေကို ခေတ်သစ်၊ စနစ်သစ်တည်ဆောက်နေတဲ့အခုချိန်မှာ တိုင်းပြုပြည်ပြုလုပ်ငန်းတွေအတွက် ထိထိရောက်ရောက် ပြန်လည်အသုံးချနိုင်မယ်ဆိုရင် တိုင်းပြည်ဟာ အချိန်တိုအတွင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်သွားမှာ သေချာပါတယ်။ အသုံးချဖြစ်အောင်လည်း သိမ်မွေ့နူးညံ့တဲ့ နည်းလမ်းတွေနဲ့ အသိပညာပေးနိုင်ရင်၊ တိုက်တွန်းနှိုးဆော်နိုင်ရင် ပင်ကိုဓာတ်ခံကောင်းပြီးသား မြန်မာနိုင်ငံသားတွေအတွက် ဖြစ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒါက ပိဋကတ်တော်မှာ တိုက်ရိုက်ပြထားတဲ့ ခိုးဆိုးလုနှိုက်ဥပမာတစ်ခုကိုပဲ နမူနာပြောတာပါ။ ဘယ်အရေးကိစ္စနဲ့ပဲဖြစ်ဖြစ် နိုင်ငံမှာ ပြဿနာဖြစ်အောင် ဖန်တီးနေတဲ့သူတွေ၊ နိုင်ငံကို မတည်မငြိမ်ဖြစ်အောင် လှုပ်ရှားဆောင်ရွက်နေတဲ့သူတွေ၊ နိုင်ငံတိုးတက်မှုနှောင့်နှေးအောင် အဟန့်အတားပြုနေတဲ့သူတွေအားလုံးဟာ နိုင်ငံ့ရန်သူတွေချည်းပါပဲ။ ဘယ်လိုပုံစံမျိုးနဲ့ ရန်သူဖြစ်ဖြစ်၊ နိုင်ငံ့ရန်သူအားလုံးရဲ့ အမြစ်မှန်သမျှ ဖြတ်တောက်ပစ်ရပါမယ်။ နိုင်ငံ့ရန်သူအားလုံးရဲ့ အညွှန့်မှန်သမျှ ဖြတ်တောက်ပစ်ရပါမယ်။ အမြစ်ဖြတ်ဖို့ အားနာနေရင်၊ အညွှန့်ဖြတ်ဖို့ တွန့်ဆုတ်နေရင် နိုင်ငံပဲ နစ်နာပါလိမ့်မယ်။ ''နိုင်ငံ့ရန်သူရဲ့ အမြစ်ကိုလည်း ဖြတ်ရမယ်၊ အညွှန့်ကိုလည်း ဖြတ်ရမယ်'' ဆိုတာကို ပြောင်းပြန်လှန်လိုက်ရင် ''နိုင်ငံ့မိတ်ဆွေရဲ့အမြစ်ကိုလည်း ခိုင်မာအောင်လုပ်ရမယ်၊ အညွှန့်ကိုလည်း ဝေဆာအောင်လုပ်ရမယ်''လို့ ပြောနိုင် ပါတယ်။

နိုင်ငံကိုကောင်းကျိုးပြုတဲ့သူတွေ နိုင်ငံကို ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်တဲ့သူတွေဟာ နိုင်ငံ့မိတ်ဆွေပါ။ နိုင်ငံ့မိတ်ဆွေရဲ့အပြစ်ကို ခိုင်မာအောင် လုပ်တယ်ဆိုတာ သူတို့ရဲ့အရည်အချင်းကောင်းတွေ၊ အစွမ်းအစကောင်းတွေကို တိုးတက်သည်ထက် တိုးတက်အောင် ပြုစုပျိုးထောင်ပေးတာကို ပြောတာပါ။ နိုင်ငံ့မိတ်ဆွေရဲ့အညွှန့်ကို ဝေဆာအောင်လုပ်တယ်ဆိုတာကတော့ နိုင်ငံ့ကောင်းကျိုး အမှန်တကယ်သယ်ပိုးသူတွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်မြှောက်စားတာ၊ သူတို့ရဲ့ လုပ်ပိုင်ခွင့်နယ်ပယ်ကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ဖန်တီးပေးတာ၊ သူတို့လုပ်သမျှ အလုပ်တွေ အောင်မြင်ထမြောက်အောင် နည်းလမ်းအမျိုးမျိုးနဲ့ အားပေးကူညီတာတွေကို ပြောတာပါ။

နိုင်ငံ့မိတ်ဆွေတွေရဲ့အမြစ်ကို ခိုင်မာသည်ထက် ခိုင်မာအောင်၊ ကြီးထွားသည်ထက် ကြီးထွားအောင် ပြုလုပ်ဆောင်ရွက်မယ်ဆိုရင်၊ နိုင်ငံ့မိတ်ဆွေတွေရဲ့အညွှန့်ကို ရှင်သန်သည်ထက် ရှင်သန်အောင်၊ ဝေဆာသည်ထက် ဝေဆာအောင် ပြုစုပျိုးထောင်မယ်ဆိုရင် နိုင်ငံတော်ကြီး အရှိန်အဟုန်ကောင်းကောင်းနဲ့ အားကောင်းမောင်းသန် ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မယ်။

လိုရင်းလေး ပြန်ပြောမယ်နော်။ နိုင်ငံ့ရန်သူရဲ့အမြစ်ကိုလည်း ဖြတ်ရမယ်။ အညွှန့်ကိုလည်း ဖြတ်ရမယ်။ နိုင်ငံ့မိတ်ဆွေရဲ့အမြစ်ကိုလည်း ခိုင်မာကြီးထွားအောင် လုပ်ရမယ်၊ အညွှန့်ကိုလည်း ရှင်သန်ဝေဆာအောင် လုပ်ရမယ်၊ ဖြတ်တောက်သင့်တာမှန်သမျှ ပြတ်ပြတ်သားသား ဖြတ်တောက်ပစ်ခြင်း၊ လုပ်ဆောင်သင့်တာမှန်သမျှ ပြတ်ပြတ်သားသား လုပ်ဆောင်နိုင်ခြင်းဖြင့် တိုင်းပြည်ငြိမ်းချမ်းအောင်၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်တဲ့ အာဇာနည်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

## နှစ်(၇၀)ပြည့်အာဇာနည်နေ့ အထိမ်းအမှတ် ပန်းချီပြပွဲပြသ

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလများကို ကိုယ်ကျိုးစွန့်အနစ်နာခံကာ အသက်ကိုပေးဆပ်၍ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းကို အထူးအလေးထား၍ မိသားစု၏ချစ်ခင်မြတ်နိုးတန်ဖိုးထားမှုကို ဂုဏ်ပြုသောအားဖြင့် ပန်းချီဆရာ ကိုသိန်း၏လက်ရာ တစ်ကိုယ်တော်ပန်းချီပြပွဲကို ဇူလိုင် ၁၈ ရက်က ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှင်းဆီမြိုင်ပန်းချီပြခန်း၌ ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

''ကျွန်တော် နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်း မိသားစုပုံနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပုံတွေကို ပုံတူရေးဆွဲပြသတာဖြစ်ပါတယ်။ ပန်းချီဆရာတွေက ပုံတူဆွဲတာ နည်းသေးတယ်၊ ပုံတူကို သီးသန့်ရေးဆွဲပြသမှုမရှိသေးတာဖြစ်တဲ့အတွက် ထူးထူးခြားခြားဖြစ်အောင် ရေးဆွဲပြသခြင်းဖြစ်ပါတယ်''ဟု ပန်းချီဆရာကိုသိန်းက ပြောသည်။

အဆိုပါပြပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ထိပ်သီးသမ္မတ၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံသည့် ပုံတူပန်းချီကားများ ၊ သတင်းစာ၊ဂျာနယ်၊ မဂ္ဂဇင်းများတွင်ပါသည့် ပုံများကို အခရိုင်လစ်ဆေးဖြင့် ရေးဆွဲထားကြောင်း သိရသည်။

ယင်းပန်းချီကားများသည် ဆိုက် ၁၄ ပေ×၂၀ ပေမှ ၃၆ ပေ×၃၆ ပေ ဖြစ်ပြီး ပန်းချီကားပေါင်း ၂၈ ကားကို ဇူလိုင် ၂၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း-အေကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**





ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဖေမြင့် နှစ်(၇၀) ပြည့် အာဇာနည်နေ့တွင် ဗိုလ်တထောင် မြို့နယ်ရှိ ဝန်ကြီးများရုံး (ယခင် အတွင်းဝန်ရုံး)၌ ဖွင့်လှစ်ပြသထားသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ် (ပြန်/ဆက်)



နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကို နေပြည်တော် တပ်ကုန်းမြို့ အာဇာနည် ကျောက်တိုင် (ဗိုလ်ချုပ်ကြေးရုပ်)ရှေ့တွင် ဇူလိုင် ၁၉ ရက်က ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်အလေးပြုကြစဉ် တင်ထွန်းတာ(တပ်ကုန်း)

# အာဇာနည်နေ့ အတွင်းဝန်ရုံးလေ့လာသူ နှစ်သောင်းကျော်အထိများပြား၊ နိုင်ငံခြားသား ၂၀၀ ကျော် လာရောက်ကြည့်ရှု

**ရန်ကုန် ဇူလိုင် ၁၉**

ပြည်သူများရင်ထဲ မမေ့နိုင်သော အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် နှစ်(၇၀)ပြည့် ၁၉ ဇူလိုင် အာဇာနည်နေ့တွင် ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသော ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ယခင်အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဟောင်း၌ စတင်ဖွင့်လှစ်ခဲ့သောသုံးနှစ်အတွင်း ယခုနှစ်တွင် ပြည်တွင်းပြည်ပ လာရောက်လေ့လာသူစည်ကားများပြားခဲ့သည်။

"အရင်နှစ်တွေက ဒီအတွင်းဝန်ရုံးကို မလာဖြစ်ခဲ့ဘူး။ ဒီနေ့က ပထမအကြိမ် လာရောက်ကြည့်ရှုဖြစ်တာပါ။ဒီနှစ်တော့ သားသမီး၊ မြေးမြစ်နဲ့ တူ၊ တူမတွေလည်း ပါပါတယ်။ အားလုံး မိသားစုဝင် ခုနစ်ယောက်ပါ။ ဒီမှာက အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကြိုးပမ်းမှုတွေ၊ လုပ်ဆောင်မှု ပုံရိပ်တွေကို ပြန်လည်ထင်ဟပ်စေပါတယ်။ လုပ်ဆောင်ချက်တွေ၊ လှုပ်ရှားမှုပုံရိပ်တွေ ပြန်မြင်တွေ့ရတော့ စိတ်မကောင်းဖြစ်မိသလို၊ ဝမ်းသာမှုလည်း ဖြစ်ပါတယ်။ အခုလို လာရောက်လေ့လာပြီးတော့ ပိုပြီးဝမ်းနည်းတသ ဖြစ်မိတယ်။ တစ်ဖက်က ပြန်ကြည့်ရင်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီနေ့ အာဇာနည်နေ့ အမှတ်တရအနေနဲ့ ပြောချင်တာကတော့ ပါးပါးရှိစဉ်က ဗမာ-ကရင်ချစ်ကြည်ရေးကို အလေးထားခဲ့တယ်လို့ သိရတယ်။ အဲဒီချစ်ကြည်စည်းလုံးရေးက နောင်မြေးဆက်တွေတိုင် တည်တံ့စေချင်ပါတယ်။ အဲဒီလိုပါပဲ တစ်တိုင်းတစ်ပြည်လုံး တိုင်းရင်းသားပေါင်းစုံဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံတော်ကြီး အမြန်ဆုံးအေးချမ်းသာယာပြီးတော့ ဒီထက်အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်ပါစေလို့ ဒီကတော့ ဆန္ဒပြုပြောချင်ပါတယ်" ဟု ထိုစဉ်ခေတ်က စက်မှုလက်မှုနှင့် အလုပ်သမားဌာန ဝန်ကြီး မန်းဘခိုင်၏ အငယ်ဆုံးသမီး ဒေါ်နန့်ခင်ဌေးရီခိုင်က ပြောသည်။

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ယခင်အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဟောင်းကို ၂၀၁၅ ခုနှစ်မှစတင်ကာ နှစ်စဉ် အာဇာနည်နေ့ကျရောက်တိုင်း လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးအာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံခံခဲ့ရသည့် အတွင်းဝန်ရုံး ပထမထပ် အစည်းအဝေးခန်းမအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ ကြိုးပမ်းလှုပ်ရှားခဲ့သော ပုံရိပ်များကို ပြည်သူများအား ဖွင့်လှစ်ပြသပေးခဲ့သည်။ နှစ်စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယနေ့အပါအဝင် ပြည်သူများအား လေ့လာခွင့်ပြုခဲ့သည်မှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်ပြည့်မြောက်သည့် ယနေ့ နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ရဟန်း၊ သံဃာ၊ သီလရှင် အပါအဝင် ပြည်သူ ၃၂၁၀၀ ဦး လာရောက်လေ့လာခဲ့ပြီး ပြည်ပနိုင်ငံခြားသား လာရောက်လေ့လာမှုသည်လည်း ၂၀၅ ဦး လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။



အာဇာနည်နေ့တွင် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)သို့ လာရောက်ကြည့်ရှု လေ့လာသူများကို တွေ့ရစဉ်

"ပြည်သူအားလုံး လွတ်လွတ်လပ်လပ်ကြည့်ရှုနိုင်တယ်ဆိုတာ ပထမဆုံး အကျိုးကျေးဇူးပါ။ ဒီနှစ်မှာ ပိုထူးဆန်းတာက ဘယ်တုန်းကမှ မပြသခဲ့ဖူးသေးတဲ့ ရှေးဟောင်းပစ္စည်းတွေ၊ အာဇာနည်ခေါင်းဆောင်ကြီးတွေ သုံးခဲ့တဲ့ပစ္စည်းတွေကို အပြင်မှာ သိသိသာသာပြသထားတဲ့အတွက် နောင်လာနောက်သားတွေအနေနဲ့ဆို ဒါဟာ တန်ဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတစ်ခုပါပဲ။ အခုလို ကျယ်ကျယ်ပြန့်ပြန့်ပြသတဲ့အတွက် ကလေးတွေဟာ တစ်ချိန်တုန်းက နိုင်ငံရဲ့လွတ်လပ်ရေးကို အာဇာနည်ခေါင်းဆောင်ကြီးတွေ သာမန်ကြိုးစားရယူခဲ့တာမဟုတ်ဘူးဆိုတာ ကလေးတွေသိလာမယ်။ တစ်နည်းအားဖြင့် လွတ်လပ်ရေးကြိုးပမ်းပြီးတော့ နိုင်ငံတော်တည်ဆောက်မယ့် ပုဂ္ဂိုလ်တွေ အစည်းအဝေးလုပ်တဲ့ခန်းမကို ကြည့်လိုက်တာနဲ့ပဲ ပကာသနမဖက်တဲ့ သဘာဝ သက်သက်ဆိုတာတွေ့မြင်ရမှာဖြစ်တယ်။ တိုင်းပြည်အတွက် ဘယ်လောက်အထိ အနစ်နာခံပြီးတော့ ကြိုးစားခဲ့တယ်ဆိုတာ လာရောက်လေ့လာတဲ့သူတွေ တွေးဆကြည့်မယ်ဆိုရင် ဗဟုသုတတော်တော်လေးကိုရမယ်လို့ မြင်ပါတယ်။ နောင်နှစ်တွေမှာလည်း အခုလိုပဲ ပိုပြီးပြည့်စုံတဲ့ အခင်းအကျင်းမျိုးနဲ့ လုပ်ပေးနိုင်တယ်ဆိုရင် ပိုကောင်းပါတယ်" ဟု ယနေ့ နှစ် (၇၀)ပြည့် အတွင်းဝန်ရုံးသို့ လာရောက်ကြည့်ရှုလေ့လာသော ဦးခင်မောင်ဌေးက ပြောသည်။

ယနေ့ကျရောက်သော နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် နိုင်ငံတစ်ဝန်း ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံးနှင့် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ဗိုလ်ချုပ်ပြတိုက်တို့တွင် အထိမ်းအမှတ်အသုံးအဆောင်ပစ္စည်းများကို ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ဖွင့်လှစ်ခင်းကျင်းပြသခဲ့သည်။ ထို့အပြင် ထူးခြားမှုတစ်ရပ်အနေဖြင့် ရက်ထပ်မံတိုးကာ အတွင်းဝန်ရုံးအား ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်တိုင်နှင့် ဗိုလ်ချုပ်ပြတိုက်အား ဇူလိုင် ၁၉ ရက်မှ ၂၃ ရက် အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ငါးရက်တိုင်တိုင် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

# ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)တို့အား လာရောက်လေ့လာသူအထူးများပြား

**ရန်ကုန် ဇူလိုင် ၁၉**

နှစ်(၇၀)ပြည့် အာဇာနည်နေ့ဖြစ်သော ယနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသို့ လာရောက်အလေးပြုသူများနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) တို့အား လာရောက်လေ့လာသူများဖြင့် အထူးများပြားလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့တွင် နံနက်ပိုင်းစ၍ လူပုဂ္ဂိုလ်များ၊ မိသားစုများ၊ ကျောင်းသားများနှင့် ရဟန်းသံဃာတော်များသည် တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အစုအဖွဲ့အလိုက်သော်လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုရှိရာသို့ ပန်းစည်းများ လာရောက်ချခြင်း၊ ဗိုလ်ချုပ်အောင်ဆန်း အမှတ်တရစကားများပြောဆိုခြင်း၊ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုခြင်းစသော ဦးညွှတ်ဂါရဝပြုခြင်းများဖြင့် လာရောက်အလေးပြုခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် နိုင်ငံ့ခေါင်းဆောင်ကြီးများ ကျဆုံးချိန်ဖြစ်သော ၁၀ နာရီ ၃၇ မိနစ်တွင် လာရောက်ဂါရဝပြုသူအားလုံး ငြိမ်သက်စွာအလေးပြုခဲ့ကြပြီး အနီးအနားရှိ ကြက်ခြေနီယာဉ်များမှ ဥသြသံရှည်များဆွဲ၍လည်းကောင်း၊ ကားဟွန်းများ အဆက်မပြတ်တီးခြင်းများဖြင့်လည်းကောင်း အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြသည်။ သင်တန်းတက်ရောက်ရန်အတွက် ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့ နောင်တောင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ မအုံးခင်က ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို လာရောက်ဂါရဝပြုခြင်းနှင့်ပတ်သက်၍ "ကျွန်မတို့က ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို ပထမဆုံး လာပြီးလေ့လာတာပါ။ ကျွန်မတို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးကို ရန်ကုန်ရောက်တုန်း လာရောက်အလေးပြုတာပါ" ဟု ပြောကြားသည်။



နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုအား လာရောက်အလေးပြုသူများကို တွေ့ရစဉ်

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)တွင်လည်း ပြည်တွင်းပြည်ပမှ လာရောက်လေ့လာသူများ များပြားခဲ့သည်။ ယခင်နှစ်များနှင့် မတူသောအချက်သည် အိမ်အဝင်လျှောက်လမ်းတစ်လျှောက် အမိုးများမိုးထားပြီး ဘေးတစ်ဖက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်များနှင့် မိန့်ခွန်းများကို ဘုတ်များဖြင့် ပြသထားသည်။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်အတွင်း ဝင်ရောက်လေ့လာခဲ့သူတစ်ဦးဖြစ်သည့် တွံတေးမြို့နယ်မှ ဦးမြင့်သိန်းက "အရင် နှစ် ၅၀ လောက်က တစ်ခေါက်ရောက်ဖူးတယ်။ အခုတော့ တော်တော်ပြောင်းလဲသွားပြီ။ လမ်းတွေရော ပြုပြင်ထားတာတွေရောပေါ့။ လာတာကတော့ ကလေးတွေကို သိစေချင်တယ်။ နောက်မျိုးဆက်သစ်တွေကို ဗိုလ်ချုပ်ရဲ့ အကြောင်းတွေ၊ သူဘယ်လို အနစ်နာခံခဲ့တာတွေ၊ သူဘယ်လို ရုန်းကန်ခဲ့တာတွေ၊ သူ့ရဲ့ မလျှော့သော ဇွဲလုံ့လတွေ အဲဒါတွေကို သိစေချင်လို့ ရောက်လာတာပါ။ သူ့မိသားစုနဲ့ ဘယ်လိုပုံစံနဲ့ နေခဲ့တယ်ဆိုတာလေးတွေ တွေ့ခဲ့ရတယ်ပေါ့လေ။ ဝင်ဝင်ချင်းဆို ဧည့်ခန်း၊ ဧည့်ခန်းပြီး အိပ်ခန်းတို့၊ စာဖတ်ခန်းတို့ပေါ့နော်။ နောက်ပြီး ထမင်းစားခန်းမှာ အားလုံးသတိထားမိတာကတော့ သူရေးထားခဲ့တဲ့စာပေါ့၊ သူ့မိသားစု ဆက်ဆံရေးလေးတွေပေါ့၊ အဲဒါတွေကိုတော့ သတိထားမိခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည် ၁၉၂၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သော အနောက်တိုင်းဗိသုကာပုံစံဖြစ်ပြီး ၁၉၆၀ ပြည့်နှစ်တွင် အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ပြတိုက်အဖြစ် ပြသပေးထားခြင်းဖြစ်ကြောင်း သိရသည်။ အာဇာနည်နေ့ အထူးပြပွဲအဖြစ် ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တာကာလအတွင်း ပြည်တွင်းပြည်ပလေ့လာသူများကို အခမဲ့ပြသမည်ဖြစ်သည်။ ဇူလိုင် ၁၉ ရက်တွင် နံနက် ၆ နာရီမှ စတင်ကာ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ပြီး ကျန်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဖိလစ်ပိုင်တောင်ပိုင်းတွင် သမ္မတဒူတာတေး၏ လုံခြုံရေးတပ်ဖွဲ့များ ချုံခိုတိုက်ခိုက်ခံရ



**မနီလာ ဇူလိုင် ၁၉**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၁၉ ရက်က သူပုန်များ၏ ချုံခိုတိုက်ခိုက်မှုကြောင့် သမ္မတဒူတာတေး၏ လုံခြုံရေးတပ်ဖွဲ့ဝင်ခြောက်ဦး အကြီးအကျယ်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်တပ်မတော်က ပြောခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကိုတာဘာတိုပြည်နယ် မင်ဒါနာအိုကျွန်းပေါ်ရှိ အာရကန်မြို့ အဝေးပြေးလမ်းပေါ်တွင် ခရီးသွားနေစဉ် ချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်သည်။

သမ္မတဒူတာတေး၏ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြည်သူ့စစ်တပ်ဖွဲ့သစ်ပြောက်ကျားသူပုန်များက ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ချုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ အက်ဇ်ရာဘာလက်ဂျ်တေက ပြောခဲ့သည်။

အဆိုပါတပ်ဖွဲ့သည် သမ္မတဒူတာတေး၏ ခရီးစဉ်မတိုင်မီ မနီလာမြို့၏အရှေ့တောင်ဘက် ကီလိုမီတာ ၁၅၀၀ အကွာရှိ အာရကန်မြို့တွင် လုံခြုံရေး ဆောင်ရွက်နေစဉ် ထိုသို့ ချုံခိုတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ချုံခိုတိုက်ခိုက်မှုပြုလုပ်ပြီးထွက်ပြေးနေသော လက်နက်ကိုင်များအား လိုက်လံရှင်းလင်းနေကြောင်း ဘာလက်ဂျ်တေက ဆက်လက်ပြောကြားခဲ့သည်။

ဖိလစ်ပိုင် သမ္မတ ဒူတာတေးက တည်ငြိမ်မှုမရှိဘဲ တိုက်ပွဲများဖြစ်ပွားနေသည့် ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းအထိ စစ်အုပ်ချုပ်ရေးတိုးမြှင့်ထားကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်ကို မကျေနပ်သည့်အတွက် ဖိလစ်ပိုင်ကွန်မြူနစ်ပါတီက ပြည်သူ့စစ်တပ်ဖွဲ့ကို တိုက်ခိုက်မှုများပြုလုပ်သွားရန် အမိန့်ပေးထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တောင်ဆူဒန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အချက်အလက်များကို ထိမ်ချန်ထားခြင်းမရှိကြောင်း အီနာဒါငြင်းဆို




**တိုကျို ဇူလိုင် ၁၉**

တောင်ဆူဒန်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့သော ဂျပန်မြေပြင်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကိုဖုံးကွယ်ရန် သဘောတူခဲ့သည်ဟူသော သတင်းမီဒီယာများ၏ဖော်ပြချက်ကို ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီအီနာဒါက ငြင်းဆိုလိုက်ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ဂျပန်မြေပြင်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့သည် အဆိုပါ မှတ်တမ်းမှတ်ရာများကို ဖျက်ဆီးခဲ့ကြောင်း အစောပိုင်းက ပြောကြားခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုပါမှတ်တမ်းမှတ်ရာများကို အခြားဝန်ကြီးရုံးတစ်ရုံးတွင် တွေ့ခဲ့သည်ဟု ဖေဖော်ဝါရီလက ကြေညာခဲ့သည်။

ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက အဆိုပါမှတ်တမ်းမှတ်ရာများကို ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့က ဒီဂျစ်တယ်စနစ်ဖြင့် သိမ်းဆည်းထားသည်ကို တွေ့ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

ယခုအခါတွင် ရှေ့လျှောက်ဘာဆက်ဖြစ်မလဲဆိုသည်ကို ဆုံးဖြတ်ရန် အထူးသက်သေများကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

သို့သော်လည်း အီနာဒါက ဇူလိုင် ၁၉ ရက်တွင် သတင်းထောက်များကို ပြောကြားရာ၌ ၎င်းအနေဖြင့် အဆိုပါသက်သေများကို ထိမ်ချန်ထားရန် သဘောမတူခဲ့ကြောင်း ပြောခဲ့သည်။
**(အင်န်အိတ်ချ်ကေ)**

## ပိတ်ဆို့မှုများပြုလုပ်မည်ဟု ဗင်နီဇွဲလားကို အမေရိကန်သတိပေး

**ဝါရှင်တန် ဇူလိုင် ၁၉**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မဒူရိုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြင်ဆင်ရေးဆွဲမည့်အစည်းအဝေးတစ်ရပ်ပြုလုပ်ရန်အတွက် ရွေးကောက်ပွဲကျင်းပမည့်အစီအစဉ်ကို မရပ်ဆိုင်းပါက ဗင်နီဇွဲလားနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ရလိမ့်မည်ဟု အမေရိကန်အစိုးရက သတိပေးလိုက်ကြောင်း သိရသည်။

ဗင်နီဇွဲလားသမ္မတနီကိုးလပ်စ်မဒူရိုသည်လာမည့်ဇူလိုင် ၃၀ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးစည်းဝေးမည့်အဖွဲ့ဝင်များကို ရွေးချယ်သည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပပြုလုပ်ရန် ကြေညာခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသည် အစိုးရဆန့်ကျင်သည့်ဆန္ဒပြသူများကြောင့်ဖြစ်ပွားနေသည့် နိုင်ငံရေးပဋိပက္ခများကို ငြိမ်းသက်သွားစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကိုလိုအပ်နေကြောင်း ပြီးခဲ့သည့်မေလတွင် မဒူရိုကပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ဗင်နီဇွဲလားနိုင်ငံသည်အာဏာရူး ရူးနေသည့်ခေါင်းဆောင်တစ်ဦး၏ လျစ်လျူရှုခြင်းကိုခံနေရသည်ဟု တနင်္လာနေ့က ပြောကြားခဲ့သည်။

ရွေးကောက်ပွဲကိုမဖြစ်မနေ ရှေ့တိုးဆောင်ရွက်မည်ဆိုပါက အမေရိကန်အနေဖြင့် ဗင်နီဇွဲလားနိုင်ငံအပေါ် ပြင်းထန်သည့် စီးပွားရေးပိတ်ဆို့မှုများဖြင့်အရေးယူရတော့မည်ဖြစ်ကြောင်း အိမ်ဖြူတော် အကြီးတန်းအရာရှိတစ်ဦးကဆိုသည်။

သို့သော် သမ္မတမဒူရိုက ဗင်နီဇွဲလားအစိုးရအဖွဲ့သည် ရွေးကောက်ပွဲကို ကြိုတင်စီစဉ်ထားသည့်အတိုင်း ဖြစ်မြောက်အောင် ရှေ့တိုးဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ အတိုက်အခံပါတီများက ရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ပျက်ပြယ်သွားနိုင်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံရေးလေ့လာ သုံးသပ်သူများက အမေရိကန်အနေဖြင့် ပိတ်ဆို့မှုများ ပြုလုပ်လာလျှင် ဗင်နီဇွဲလားတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများ ပိုမိုဆိုးရွားလာနိုင်သည်ဟု ဝေဖန်သုံးသပ်ခဲ့ကြသည်။
**(အင်န်အိတ်ချ်ကေ)**

# ပြန်ပေးဆွဲခံရသော အိန္ဒိယနိုင်ငံသားတစ်ဦးကို ပြန်လွှတ်ပေး

**နယူးဒေလီ ဇူလိုင် ၁၉**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ပြန်ပေးဆွဲခံခဲ့ရသော အိန္ဒိယနိုင်ငံသားတစ်ဦးအား လက်နက်ကိုင်ဖမ်းဆီးသူများက ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံက ဇူလိုင် ၁၉ ရက်တွင်ပြောခဲ့သည်။

မွန်ဘိုင်းအခြေစိုက် စီးပွားရေးလုပ်ငန်းရှင် ရီတက်ရှ်ဟမ်နာနီကို ကွန်ဂိုနိုင်ငံ ကင်ရှာနာဒေသရှိ လက်နက်ကိုင်များက ဇွန် ၂၃ ရက်တွင် ပြန်ပေးဆွဲခဲ့ကြောင်း သိရသည်။

ကွန်ဂိုနိုင်ငံရှိ လက်နက်ကိုင်ဖမ်းဆီးသူများက ဟမ်နာနီကိုလွှတ်ပေးလိုက်ပြီဆိုသည်ကို အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆုရှ်မာဆွာရက်ဂျ်က အတည်ပြုပြောကြားခဲ့သည်။ ထို့အတူ ကွန်ဂိုအစိုးရကိုလည်းကျေးဇူးတင်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အဆိုပါဒေသတွင် စစ်ဆင်ရေးဆောင်ရွက်ခဲ့သော အိန္ဒိယအဖွဲ့၏ ကြိုးစားဆောင်ရွက်မှုကိုလည်း အသိအမှတ်ပြုကြောင်း ၎င်းကထပ်မံပြောခဲ့သည်။

လွန်ခဲ့သော သုံးနှစ်ကလည်း အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် အိုင်အက်စ်တို့၏ပြန်ပေးဆွဲခံရသော အိန္ဒိယနိုင်ငံသား ၃၉ ဦးကိုလည်း အီရတ်နိုင်ငံမြောက်ပိုင်း ကျေးရွာတစ်ရွာဖြစ်သော ဘာဒူးရှ်ဒေသအနီးရှိ အကျဉ်းထောင်တစ်ခုထဲတွင် ချုပ်နှောင်ထားနိုင်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါဒေသအား ရှင်းလင်းမှုများဆောင်ရွက်ပြီးပါက ဖမ်းဆီးခံနိုင်ငံသားများကို မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။
**(ဆင်ဟွာ)**

# ကာကွယ်ရေးအသုံးစရိတ်လျှော့ချရာမှ ပြင်သစ်ကာကွယ်ရေးဦးစီးချုပ်ရာထူးမှ နုတ်ထွက်

**ပါရီ ဇူလိုင် ၁၉**

ပြင်သစ်နိုင်ငံတွင် ကာကွယ်ရေးဆိုင်ရာဘတ်ဂျက်အသုံးပြုမှုကို သမ္မတမက်ခရွန်က လျှော့ချလိုက်သည့်ကိစ္စနှင့် စပ်လျဉ်း၍ မကျေမချမ်းဖြစ်ဖွယ်ရာ အငြင်းပွားမှုများ ပေါ်ပေါက်လာပြီးနောက်တွင် ပြင်သစ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် ပီယဲဒီဗီလီရာက ဗုဒ္ဓဟူးနေ့တွင် ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးအသုံးစရိတ်လျှော့ချမှုသည် အသစ်ရွေးချယ်တင်မြှောက်ထားသည့် သမ္မတမက်ခရွန်၏ ကြံ့ကြံ့ခံနိုင်စွမ်းကိုကနဦးစမ်းသပ်သည့် အခြေအနေတစ်ရပ်အဖြစ်သို့ ရောက်ရှိစေခဲ့သည်။

ဖော်ပြချက်၌ အသက်၆၀ရှိပြီဖြစ်သည့် ပီယဲဒီဗီလီရာက ၎င်းသည်ဘဏ္ဍာရေးစည်းမျဉ်းကန့်သတ်ချက်များစွာရှိနေသည့်အထဲတွင် အင်အားစိုက်ထုတ်လျက်ပြင်သစ် ကာကွယ်ရေးအင်အားစုကို စီမံထိန်းသိမ်းရန် ကြိုးစားခဲ့ကြောင်း သို့သော်လည်း လက်ရှိအခြေအနေကို ရေရှည်ထိန်းသိမ်းရန် မစွမ်းဆောင်နိုင်တော့ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။ ရာထူးမှ နုတ်ထွက်မှုကို သမ္မတမက်ခရွန်ကလက်ခံ ခဲ့ကြောင်း ဒီဗီလီရာက ပြောကြားခဲ့သည်။ မက်ခရွန်အား ပြင်သစ်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပြီး နှစ်လခန့်အကြာတွင် မက်ခရွန်နှင့် ဒီဗီလီရာတို့အကြား အပြင်းအထန်မကျေမလည်ဖြစ်မှုများပေါ်ပေါက်ခဲ့သည်ဟု သတင်းရင်းမြစ်များက ပြောသည်။

၎င်းသည်မက်ခရွန်က ကာကွယ်ရေးအသုံးစရိတ်ယူရိုသန်း ၈၅၀ (အမေရိကန်ဒေါ်လာ ၉၇၉ ဒသမ ၄၆သန်း) ကို လျှော့ချလိုက်ခြင်းကို ပြင်းထန်သည့် စကားလုံးများဖြင့် ကန့်ကွက်ပြောဆိုမှုများပြုလုပ်ခဲ့သည်ဟု သိရသည်။ ယခုကဲ့သို့ရှုးမိုက်သောလုပ်ရပ်များပြုလုပ်ရန် မိမိကိုယ်ကိုယ်အဖြစ်ခံလိမ့်မည်မဟုတ်ဟု ပြောဆိုခဲ့ကြောင်း လွှတ်တော်နှစ်ရပ်မှ သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။
**(ရိုက်တာ)**



ဇူလိုင် ၁၄ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ချမ့်စ်အဲလက်စီးစ်ရိပ်သာ၌ ကျင်းပသော ပြင်သစ်အမျိုးသားနေ့ စစ်ရေးပြအခမ်းအနားတွင် ပြင်သစ်သမ္မတ မက်ခရွန်နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် ပီယဲဒီဗီလီရာတို့ကို တွေ့ရစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲတွင် မန္တလေး မြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ) မစိုးရိမ်တိုက်သစ် ပါဠိနယူပဒေသာကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး ဒေါက်တာယုယုမေ၊ တိုင်းဒေသ ကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့ပေါ်ရှိ နိုင်ငံရေးပါတီအသီးသီးတို့မှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာမစိုးရိမ်တိုက်သစ် ပါဠိနယူပဒေသာကျောင်း ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံမှ ညှော့ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်မြတ်တို့ကို နာယူကြည်ညိုကြပြီး ဆရာတော်ကြီးများထံသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများက သက်နှ်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ် ပါဠိနယူ ပဒေသာကျောင်းဆရာတော်ထံမှ အနုမောဒနာတရားတော်များ နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေစက်သွန်းချ အမျှပေးဝေကြသည်။

အလားတူ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း နှစ်(၇၀) ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**



# နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနား ရန်ကုန်မြို့ရှိ NLD ဌာနချုပ်၌ကျင်းပ




**ရန်ကုန် ဇူလိုင် ၁၉**

နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို ဌာနချုပ်)၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမကျင်းပမီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟို ဌာနချုပ်)ရှေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင်များက ပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ နှစ်မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် အခမ်းအနားကို စတင်ရာ သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက "ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရခြင်းဟာ မြန်မာနိုင်ငံရဲ့အမျိုးသားရေးဆိုင်ရာ ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သလို ပုဂ္ဂလိက မိသားစုဘဝတစ်ခုအတွက်သာမက၊ မြန်မာနိုင်ငံ တစ်နံတစ်လျားက မိသားစုများအားလုံးအတွက် လည်းကောင်း၊ ဘဝတူ အမျိုးသားလွတ်လပ်ရေး တိုက်ပွဲဝင် အာရှတစ်လွှားက မိသားစုတွေအတွက်လည်းကောင်း၊ မိမိတို့ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရရှိရေး ရုန်းကန်နေကြတဲ့ ကမ္ဘာ့မိသားစုတွေအတွက် လည်းကောင်း အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်၍ "နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ ဖြေရှင်းခဲ့ကြလို့ အမျိုးသား လွတ်လပ်ရေးမှခ်ဦးမှာ အသက်စွန့်ခဲ့ရပေမယ့် ဗိုလ်ချုပ်အောင်ဆန်းရဲ့လွတ်လပ်ရေးကြိုးပမ်းမှုနဲ့ လွတ်လပ်ရေးရအပြီး ပြန်လည်တည်ဆောက်ရေး အတွေးအမြင်တွေ၊ ဆောင်ရွက်ချက်တွေဟာ ယနေ့တိုင် ကျွန်ုပ်တို့အတွက် ရှေ့ဆောင်လမ်းပြနေဆဲဖြစ်ပါတယ်" ဟု ပြောသည်။

အလားတူ နိဂုံးချုပ်အနေဖြင့် အာဇာနည်ကြီးများ၏ ရည်မှန်းချက်အိပ်မက်ဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံသည့် တိုင်းရင်းသား မျိုးနွယ်စုအားလုံး သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသစ်ပေါ်ပေါက်ရေးကို အောင်မြင်သည်အထိ ဦးလည်မသုန်၊ တက်ညီလက်ညီ၊ ဉမကွဲ သိုက်မပျက် ဝိုင်းဝန်းကြိုးပမ်းကြရန် နှိုးဆော်တိုက်တွန်းလိုက်သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ နိုင်ငံရေးနယ်ပယ်အသီးသီးမှ ခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားများ၊ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားနှင့်ပတ်သက်၍ (၈၈ - မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) မှ ဦးဂျင်မီက "အာဇာနည်နေ့ဆိုတာ လူတိုင်းနဲ့ သက်ဆိုင်တယ်ဆိုတဲ့ အသိစိတ်ကို ကျွန်တော်တို့တိုင်းပြည်မှာ ပြန်ရလာပါပြီ။ အဲဒီလိုပြန်ရလာလို့လည်း မြို့နယ်အနှံ့အပြားမှာ အထိမ်းအမှတ် အခမ်းအနားတွေ ကျင်းပပြီး ဂါရဝပြုကြတယ်၊ ဉာဏ်တွေဆွဲကြတယ်။ ဒါပေမယ့် ပြည်သူတွေအနေနဲ့ အလေ့အကျင့်တွေ နည်းနေပါသေးတယ်။ တိုင်းပြည်မှာ တန်ဖိုးထားသင့်တဲ့သူကို တန်ဖိုးထားတတ်လာအောင် သင်ခန်းစာယူဖို့ လိုပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် အချက်ငါးချက်ပါသော ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

## မောင်တော၌ အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်

**မောင်တော ဇူလိုင် ၁၉**

မောင်တောမြို့တွင် နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ယနေ့ နံနက်ပိုင်းတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့မကျောင်းတိုက်၌ သံဃာတော်ကိုးပါးအား ဆွမ်းခဲဖွယ်၊ သင်္ကန်းအစရှိသည်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မောင်တောမြို့ မီးသတ်ဦးစီးဌာနက သတ်မှတ်နေရာအသီးသီးတို့၌ မီးသတ်ယာဉ်ခြောက်စီးဖြင့် ဥသြဆွဲကြပြီး ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက တစ်မိနစ်ကြာငြိမ်သက်၍ အလေးပြုခြင်းများ ပြုလုပ်ကြသည်။

မောင်တောမြို့ပေါ်ရှိ ရပ်ကွက်အသီးသီး၊ လမ်းအသီးသီး၊ အိမ်အသီးသီးတို့၌လည်း အာဇာနည်နေ့ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံများကို တိုင်ဝက်လွှင့်ထူထားကြသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**

## အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်

**လောက်ကိုင် ဇူလိုင် ၁၉** - ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်၌ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများနှင့် အလှူရှင်များက စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက လောက်ကိုင်မြို့နယ်ရှိ အောင်သစ္စာမြို့လယ်ကျောင်း ငြိမ်းချမ်းရေးဓမ္မာရုံ၌ ကျင်းပသည်။ အလှူရှင်များက ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပြီး ဗဟိုသာသနာပြုကျောင်းတိုက် ဗဟိုခေါင်းဆောင်ဆရာတော် ဦးပဏ္ဍိတထံမှ သာဓုအနုမောဒနာတရားနှင့် ရေစက်ချတရားများ နာယူကြကာ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ပင့်သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ဘဦး (လောက်ကိုင်)**

# မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်း၌ နှစ် (၇၀) ပြည့် အာဇာနည်နေ့အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၉**

နှစ် (၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသည်။ ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား မေတ္တာပို့ အမျှဝေရန် နှစ်မိနစ်ငြိမ်သက်ခြင်းများကို ဆောင်ရွက်ကြသည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝင်းဗိုလ်ရှိန်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်မောင်မယ်များနှင့် တက်ရောက်လာကြသော ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလာသီရိ အားကစားကွင်းအတွင်း၌ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အာဇာနည်နေ့အထိမ်းအမှတ် ဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခြင်း အထိမ်းအမှတ်အနေဖြင့် ဥသြဆွဲ၍ ငြိမ်သက်အလေးပြုကြသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၁၉** - ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **(မိုး/ဇလ)**



နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် နိုင်ငံရေးပါတီများ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် (သတင်းစဉ်)



နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ် (သတင်းစဉ်)



နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ် (သတင်းစဉ်)

# နှစ် (၇၀) ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် စာအုပ်ပေါင်း ခုနစ်သောင်း ခင်းကျင်းရောင်းချပွဲ ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

နှစ် (၇၀) ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် စာအုပ်ပေါင်း ခုနစ်သောင်း ခင်းကျင်းရောင်းချပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လသာမြို့နယ် သံဈေး(ငါးလွှာ) ရှိ Yangon Book Plaza ၌ ကျင်းပသည်။

အဆိုပါ စာအုပ်ရောင်းချပွဲကို နံနက် ၉ နာရီတွင် စတင်ကျင်းပခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝပြုသည့်အနေဖြင့် ဥဩဆွဲခြင်းကိုပြုလုပ်ခဲ့သည့်အပြင် စာပေဝါသနာရှင်များအတွက် ဗိုလ်ချုပ်



အောင်ဆန်း၏မိန့်ခွန်းများနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ရေးဖွဲ့ထားသော ဂုဏ်ပြုတေးသီချင်းများကိုလည်း ဖွင့်ပေးထားကြောင်း သိရသည်။

စာအုပ်ရောင်းချပွဲနှင့်ပတ်သက်၍ Yangon Book Plaza တည်ထောင်သူ စာရေးဆရာမြေမှုံလွင်က "အာဇာနည်ခေါင်းဆောင်ကြီးတွေ အကုန်လုံးက စာဖတ်ကြသလို လူငယ်တွေအားလုံးကိုလည်း စာဖတ်စေချင်ကြတယ်။ သူတို့မြင်ချင် တွေ့ချင်တဲ့ တိုင်းပြည်၊ တည်ဆောက်ချင်တဲ့ တိုင်းပြည်မျိုးဖြစ်အောင် လူငယ်တွေ စာဖတ်ဖို့လိုပါတယ်။ ဒါ့ကြောင့် အခြေခံလူတန်းစားတွေ အနေနဲ့ ကော်ဖီတစ်ခွက်စာလောက်ပဲ ရှိတဲ့ ငွေကြေးနှုန်းထားမျိုးနဲ့ စာအုပ်တွေကို အထူးဈေးလျှော့ပြီး ရောင်းချပေးနေတာပါ။ ဒီပွဲရဲ့အဓိကအနှစ်သာရကတော့ လူငယ်တွေလက်ထဲကို စာအုပ်တွေ ရောက်သွားစေချင်တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လူငယ်တွေအတွက် လက်လှမ်းမီရာ စာအုပ်အမျိုးအစားတွေကို ရွေးချယ်ပြီးရောင်းချပေးနေတာပါ"ဟု ပြောသည်။

ထိုသို့ရောင်းချရာတွင် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် စာအုပ်များအပြင် ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ လုံးချင်း ဝတ္ထု၊ ပုံပြင်၊ ကဗျာ စသည်ဖြင့် စာအုပ်အမျိုးအစား စုံလင်စွာပါရှိပြီး စာအုပ်ဈေးနှုန်းများမှာ အနည်းဆုံးငွေကျပ် ၂၀၀ မှ အများဆုံး ငွေကျပ် ၅၀၀ အထိသာရှိကြောင်း သိရသည်။

"ဒီနေရာက စာအုပ်တွေလည်း စုံတယ်။ ဈေးနှုန်းလည်းသက်သာတဲ့အတွက် မကြာခဏ ရောက်ပါတယ်။ အခုလို အထိမ်းအမှတ်ပွဲတွေလုပ်တာ ကောင်းပါတယ်။ လူငယ်တွေအတွက် အသိပညာ၊ ဗဟုသုတ တွေများလာတာပေါ့"ဟု လှိုင်သာယာမြို့နယ်မှ စာပေဝါသနာရှင် ကိုဒီရဲကပြောသည်။

အဆိုပါ စာအုပ်ရောင်းချပွဲကို ဇူလိုင် ၁၉ ရက်မှ ၂၆ ရက်အထိ နံနက် ၉ နာရီမှ ည ၇ နာရီ အတွင်း ခင်းကျင်းရောင်းချသွားမည်ဖြစ်ပြီး ဈေးနှုန်းချိုသာသည့်အတွက် စာပေဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ စည်ကားလျက်ရှိကြောင်း သိရသည်။

Yangon Book Plaza တွင် စာရေးဆရာကြီးများ၏ အထိမ်းအမှတ်ပွဲများနှင့် ကဗျာရွတ်ပွဲ၊ စာပေဆွေးနွေးပွဲ အစရှိသည့် စာပေလှုပ်ရှားမှုများကို မကြာခဏ ပြုလုပ်လေ့ရှိသည့်အပြင် လူငယ်များအတွက် ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့်ပွဲများကိုလည်း မကြာခဏ ကျင်းပလေ့ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏ္ဍိတ)**

# နတ်မောက်မြို့ဗိုလ်ချုပ်နေအိမ်ပြတိုက်သို့ ကြည့်ရှုသူများပြား

**နတ်မောက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ နှစ်(၇၀)ပြည့် အာဇာနည်နေ့တွင် ရပ်နီးရပ်ဝေးရှိ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုကြသည်။

ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)တွင် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ကို နေပြည်တော်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့်တာဝန်ရှိသူများကဦးဆောင်ပြီး ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်တာဝန်ရှိသူများနှင့် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ ရပ်နီးရပ်ဝေးမှ လာရောက်သူ ပြည်သူများသည် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ကို နောက်ခံထား၍ အမှတ်တရဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ကူးခဲ့ကြရာ လာရောက်ကြည့်ရှုသူ ၁၄၄၀၄ ဦးကျော်ရှိပြီး နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသခဲ့သည်။

**လှဝင်း(နတ်မောက်)**

# နှစ်(၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားများ မြို့နယ်များ၌ကျင်းပ

**မြင်းခြံ** - နှစ် (၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို မြင်းခြံမြို့ မဏိကဥ္စနာခန်းမရှေ့ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုရှေ့၌ စည်ကားစွာကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုရှေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းတို့ ပြုလုပ်ကြသည်။ ဆက်လက်၍ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများက အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေများချပြီး အလေးပြုခဲ့ကြကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ပြည်** - နှစ် (၇၀)ပြည့် အာဇာနည်နေ့အခမ်းအနားကို နံနက် ၇ နာရီတွင် ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်ရှေ့၌ကျင်းပရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကျောင်းသားသမဂ္ဂအဖွဲ့များ၊ NLD ပါတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ ပြည်သူလူထုနှင့် အဖွဲ့အစည်းသီးသီးတို့က လာရောက် လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

**မိုးမိတ်** - ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင်တွင် ဇူလိုင် ၁၉ ရက်က နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော်များအားလှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပွဲကို ရွှေတောင်ဦးဓမ္မာရုံ၌ ကျင်းပပြီး မိုးမိတ်မြို့လွတ်လပ်ရေးကျောက်တိုင်၌ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကာတက်ရောက်လာကြသူများက တစ်မိနစ်ငြိမ်ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုကြသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများက လွမ်းသူ့ပန်းခွေများချပြီး အလေးပြုခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ထန်တလန်** - ချင်းပြည်နယ် ထန်တလန်မြို့တွင် နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်က မြို့နယ်ထွေ/အုပ်ရုံးရှေ့၌ ကျင်းပရာ နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားအလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေချဂါရဝပြုခြင်းများပြုလုပ်ကြသည်။ နံနက်ပိုင်းတွင် မြို့နယ်ထွေ/အုပ်အစည်းအဝေးခန်းမ၌ အရဟာဆွမ်းကပ်လှူခြင်း၊ ရေစက်ချတရားနာခြင်းကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဝတ်ပြုဆုတောင်းခြင်းကို လည်းကောင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# Y-8 ပျက်ကျရာတွင် ပါရှိသွားသူများအတွက် အလှူရှင်များ၏လှူဒါန်းငွေများအား သက်ဆိုင်ရာမိသားစုဝင် အမွေခံများထံသို့ လွှဲပြောင်းပေးအပ်



**နေပြည်တော် ဇူလိုင် ၁၉**

တပ်မတော် သယ်ယူပို့ဆောင်ရေး လေယာဉ် Y-8 ပျက်ကျရာတွင် ပါရှိသွားသော လေယာဉ်အမှုထမ်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေများအား သက်ဆိုင်ရာ ကျန်ရစ်သူမိသားစုဝင်အမွေခံများထံသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံ၊ တပ်မတော်အရာရှိကြီးများနှင့် ကျန်ရစ်သူ မိသားစုဝင် အမွေခံများတက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက လှူဒါန်းငွေများ လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် စစ်ရေးချုပ်က တပ်မတော် သယ်ယူပို့ဆောင်ရေး လေယာဉ် Y-8 ပျက်ကျရာတွင်ပါရှိသွားသည့် လေယာဉ်အမှုထမ်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်ရစ်သူမိသားစုများအား လှူဒါန်းငွေများ လွှဲပြောင်းပေးအပ်ပြီး ကျန်ရစ်သူမိသားစုများအား အားပေးစကား ပြောကြားသည်။(အပေါ်ပုံ)

ယနေ့ကျင်းပသည့် လှူဒါန်းငွေများ လွှဲပြောင်းပေးအပ်ပွဲတွင် ပျက်ကျလေယာဉ်ဖြင့်ပါရှိသွားသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် လေယာဉ်ဆယ်ယူရာတွင်ပါဝင် ကူညီဆောင်ရွက်ခဲ့သည့် အဏ္ဏဝါမင်းရေငုပ်အဖွဲ့မှ အသက်ဆုံးရှုံးသူ ဦးစောနောင် အပါအဝင် အသက်ဆုံးရှုံးရသူ ၁၇ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ၂၀၅၈၅၀၀၀ ကို ကျန်ရစ်သူမိသားစုဝင်အမွေခံများအား လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ကျန်ရှိသည့် အသက်ဆုံးရှုံးရသူများ၏ အမွေခံများကိုလည်း ဇူလိုင် ၂၀ ရက်တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ အခမ်းအနားဖြင့် ဆက်လက် ပေးအပ်သွားမည်ဖြစ်သည်။ ယခုပေးအပ်သည့် လှူဒါန်းငွေများသည် ဇူလိုင် ၁၇ ရက်အထိ လက်ခံရရှိထားသည့် လှူဒါန်းငွေများဖြစ်ပြီး လှူဒါန်းငွေများ ထပ်မံရရှိပါက ဆက်လက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငွေစုစာအုပ်၊ ATM ကတ်နှင့် မှတ်ပုံတင်ကတ် ခိုးယူပြီး ငွေထုတ်ယူသူအား တိုင်ကြားအမှုဖွင့်

**မကွေး ဇူလိုင် ၁၉**

မကွေးမြို့နယ်နေ အမျိုးသမီးတစ်ဦးက ၎င်း၏ ငွေစုစာအုပ်၊ ATM ကတ်နှင့် မှတ်ပုံတင်ကတ်တို့အား ခိုးယူပြီး ငွေထုတ်ယူသွားသူအား ဇူလိုင် ၁၈ ရက်က တိုင်ကြားအမှုဖွင့်ခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာနေ မခိုင်ခိုင်အောင်(၂၈ နှစ်) သည် ဇူလိုင် ၁၁ ရက် နံနက် ၇ နာရီက မကွေးမြို့ အောင်ချမ်းသာရပ်ကွက် ရန်ကျော် (၁၄)လမ်းနှင့် အဝေရာလမ်းထောင့်တွင် ဆိုင်ခန်းငှား၍ မြတ်ရွှေကျော် အမည်ဖြင့် စက်ချုပ်လုပ်ငန်းနှင့် အထည်ဆိုင် ဖွင့်လှစ်ထားသောဆိုင်ခန်းအား အလုပ်သမားဖြစ်သူ မမေသကြၤန်နှင့်အတူ ဆိုင်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပြီး ညနေ ၆ နာရီ ဆိုင်ပိတ်၍ ပြန်ရန်ပြုစဉ် ဆိုင်အတွင်း မှန်ဗီရိုအောက်ဆုံးထပ်၌ထားရှိသော ကမ္ဘောဇဘဏ်ငွေစုစာအုပ်၊ ATM ကတ်တစ်ခုနှင့် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်ကတ်တို့ ထည့်ထားသည့် ခေါက်ပိုက်ဆံအိတ်မှာ ပျောက်ဆုံးခဲ့ကြောင်း၊ ထို့နောက် ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ကမ္ဘောဇဘဏ်သို့ သွားရောက်ခဲ့ပြီး ဘဏ်ငွေလက်ကျန်စာရင်းအား စစ်ဆေးခဲ့ရာ ဘဏ်ငွေစုစာအုပ်တွင် ငွေကျပ် ၉၉၀၀၀၀ ရှိသည့်အနက် ငွေကျပ် ၈၁၆၀၀၀ အား ATM ကတ်ဖြင့် ထုတ်ယူသွားခဲ့သည်ကို သိရှိခဲ့၍ တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘဏ်ငွေစုစာအုပ်၊ ATM ကတ်နှင့် မှတ်ပုံတင်ကတ်တို့အား ခိုးယူပြီး ငွေကျပ် ၈၁၆၀၀၀ ထုတ်ယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးရန် ဇူလိုင် ၁၈ ရက်တွင် မခိုင်ခိုင်အောင်က တရားလိုပြု တိုင်ကြားခဲ့ရာ မကွေးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျ**

# မူဆယ်မြို့၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**

ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မူဆယ်မြို့ ကောင်းမူတုံရပ်ကွက် ပန်လုံနယ်မြေ၏အနောက်ဘက် သုံးမိုင်ခန့်ရှိ ကြားထင်(၄၈ နှစ်)၏ နေအိမ်ခြံဝင်းအတွင်း မူးယစ်ဆေးဝါးချက်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းများ သိုလှောင်ထားကြောင်း သတင်းအရ ရှမ်းပြည်နယ် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး)၏ ကြီးကြပ်မှုဖြင့် မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူးဦးစီးတပ်ဖွဲ့ဝင်များ၊ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့၊ နယ်မြေခံတပ်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၂၂)မှ တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး နှင့် ကောင်းမူတုံရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ ကြားထင်အား မတွေ့ရှိဘဲ တရုတ်လူမျိုး တွမ်ကွမ်ဖေ့(ခ)အဖိန်း (၃၇ နှစ်)နှင့် ကောင်းမူတုံရပ်ကွက် ပန်လုံ(၃)လမ်းနေ ဝင်းအောင်(၂၀ နှစ်)တို့အားတွေ့ရှိခဲ့ရကြောင်း၊ ခြံဝင်းအတွင်း တွေ့ရှိရသော ယာဉ်အမှတ် 6H/---- ၁၂ ဘီးယာဉ်နှင့် 2B/---- ၁၂ ဘီးယာဉ်တို့အား ရှာဖွေရာ ဟိုက်ဒရိုကလိုရစ်အက်စစ် ဂါလန် ၅၀ ပါ ပီပါ ၃၁၃ လုံး တန်ဖိုးငွေကျပ် ၅၀၀၈၀၀၀၀၀၊ ဟိုက်ဒရိုကလိုရစ်အက်ဆစ် ဂျပ်ဖာ တစ်ဖာလျှင် ၂၀လီတာပါ ၁၁၆၈ ဖာ တန်ဖိုးငွေကျပ် ၉၃၄၄၀၀၀၀၊ ဆာလဖြူရစ်အက်စစ် ငါးဂါလန်ပါ ပလတ်စတစ်ပုံး ၃၅၀ တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၊ ကဖင်းတစ်အိတ်လျှင် ၂၅ ကီလိုပါ ဆာလာအိတ် ၁၈၀ တန်ဖိုး ငွေကျပ် ၃၃၇၅၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၉၃၈၇၄၀၀၀၀ နှင့် မော်တာတပ်ဆင်ထားသည့် မွှေစက်နှစ်လုံး၊ ခုနစ်ပေ သုံးပေရှိ သစ်သားသေတ္တာ ခြောက်လုံးအတွင်းထည့်လျက် ဖန်ပေါင်းချောင်အကြီး ခြောက်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိသည့် သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ အိမ်ရှင်ဖြစ်သူ ကြားထင်၊ ဖမ်းဆီးရမိသူ တွမ်ကွမ်ဖေ့(ခ)အဖိန်းနှင့် ဝင်းအောင်တို့သုံးဦးကို ဥပဒေနှင့်အညီ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(သတင်းစဉ်)**



# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက ပူတာအိုမြို့နယ် ဆွမ်ပီယန်ကျေးရွာ ရပ်ကွက် (၂)နေ အင်နန်းတန်နော်(ခ) ဆွတ်မိုင်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၇၂ ဒသမ ၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြားနှင့် အဆင့်နိမ့်ဘိန်း ၁၀၀ ဂရမ်ကို လည်းကောင်း၊ ဆွမ်ပီယန်ကျေးရာ ရပ်ကွက် (၂)နေ စောနွဲ့ခွန်မျိုးနေ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၆၈ ဒသမ ၄ ဂရမ်နှင့် အဆင့်နိမ့်ဘိန်း ၁၂ ဂရမ်ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဝင်းဦး မောင်းနှင်ပြီး မနန်းလှမြင့် လိုက်ပါလာသော ဆိုင်ကယ်ကိုရှာဖွေရာ မနန်းလှမြင့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ နှင့် ဘိန်းဖြူ ၁၀ ဂရမ်ကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းနှင့် ၄၉ လမ်းထောင့်ရှိ ရွှေတောင်လက်ဖက်ရည်ဆိုင်၌ ကျော်သူရအားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈၀ ကို လည်းကောင်း၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် တန့်ယန်း-လားရှိုး ကားလမ်း မြို့အထွက်ဆိုင်းဘုတ်အနီး၌ စိုင်းစံထွန်းလူ မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်း ရမိခဲ့သည်။

ကွမ်းလုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက ကွမ်းလုံမြို့နယ် ကန်မိန်းအုပ်စု မန်မောင်ကျေးရွာနေ ရှီလုံဝမ်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၀၀ နှင့် ဘိန်းဖြူ ၁၀၀ ဂရမ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ အုတ်ခဲဖြင့် ထုရိုက်သတ်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြို(ဝဲ)မြို့၌ ဇူလိုင် ၁၇ ရက် ညပိုင်းက လင်မယားချင်း စကားများရန်ဖြစ်စဉ် ချောင်းကြည့်သူအား အုတ်ခဲဖြင့် ထုရိုက်သတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ပြို(ဝဲ)နေ နေဝူဟာရ်အူနန်သည် ည ၁၁ နာရီခန့်တွင် နေအိမ်၌ လင်မယားချင်း စကားများရန်ဖြစ်စဉ် လာရောက်ချောင်းကြည့်သူ တစ်ရွာတည်းနေ မာမတ်ဖိုင်ဆဲလ်၏ ဝဲရင်ဘတ်အား အုတ်ခဲဖြင့် ထုရိုက်ခဲ့သဖြင့် သေဆုံးသွားခဲ့ရာ နေဝူဟာရ်အူနန် (ဖမ်းမမိ) အား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သံတောင်မြို့ တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာမီးလောင်

**ဘားအံ ဇူလိုင် ၁၉**

ကရင်ပြည်နယ် သံတောင်မြို့သစ်(၁၃) တိုက်နယ်ဆေးရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ မီးလောင်မှု ဇူလိုင် ၁၈ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အထက်တန်းသူနာပြုဆရာမနော်ဒယ်မူး(၄၅ နှစ်) နေထိုင်သော ဆေးရုံဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ ပျဉ်ကာ၊ သွပ်မိုးနေအိမ်၌ အတူနေ တူဖြစ်သူ စောဂေးကဖော (၂၂ နှစ်)သည် မီးအားမြှင့်စက်အသုံးပြုပြီး နေအိမ်မှ အပြင်သို့သွားစဉ် အပူလွန်ကဲ၍ မီးလောင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ သံတောင်မြို့ မီးသတ်ယာဉ်တစ်စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ မီးလောင်မှုကြောင့် ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# မူးယစ်ဆေးဝါးသယ်ဆောင်လာသူနှစ်ဦးအား လက်နက်နှင့်အတူ ဖမ်းမိ

**ဘားအံ ဇူလိုင် ၁၉**

ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ် သက်စိုးဦး ဦးစီးသော ပူးပေါင်းအဖွဲ့က ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဘားအံမြို့နယ် နောင်ကမြိုင်ကျေးရွာ လမ်းမပေါ်တွင် 4F/---- CRV အမျိုးအစားယာဉ်အား အစစ်ဆေးမခံဘဲ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံပိတ်ဆို့ ဖမ်းဆီးခဲ့ရာ ယာဉ်မောင်း စောစံကျော်ဦးနှင့်အတူ ယာဉ်ပေါ်၌ စောကျော်စိုးလိုက်ပါလာပြီး အရှည်ရှစ်လက်မခန့် ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်အတွင်း ၎င်းကျည် သုံးတောင့်အား အသင့်ထည့်လျက်နှင့် ဖုန်းနှစ်လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (အလေးချိန် ၂၀၀ ဂရမ်ခန့်) ကာလတန်ဖိုးငွေကျပ် သိန်း ၆၀ ခန့်တို့အား သိမ်းဆည်းရမိခဲ့သဖြင့် စောကျော်စိုး (၄၂ နှစ်) ကော့သံခါကျေးရွာ ဘားအံမြို့နယ် နေသူနှင့် စောစံကျော်ဦး(၃၇ နှစ်) ဦးအောင်မြတ်လမ်း အမှတ်(၇) ရပ်ကွက် ဘားအံမြို့နေသူတို့ကို ဘားအံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# ဖားကန့်၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**ဖားကန့် ဇူလိုင် ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိခဲ့ကြောင်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့ မူးယစ်တပ်ဖွဲ့စု(၃)မှ ရဲအုပ် မြင့်သိန်းဦး ဦးစီးသော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီခွဲခန့်က မိုးကောင်းမှ ဖားကန့်ဘက်သို့ ဝင်းဦး(၄၆ နှစ်) မောင်းနှင်ပြီး ဇနီး နန်းလှမြင့် (၄၃ နှစ်) လိုက်ပါလာသောယာဉ်အား စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ (ကာလတန်ဖိုးငွေကျပ် ၄၇၅၀၀၀၀) နှင့် ဘိန်းဖြူမှုန့် ၁၀ ဂရမ်ခန့် (ကာလတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးကို လုံးခင်း နယ်မြေရဲစခန်းမှ အမှုဖွင့် ထားကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

# တရားမဝင် ဝင်ရောက်လာသူ တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းက နယ်စပ်ခြံစည်းရိုးတစ်လျှောက် လှည့်ကင်းဆောင်ရွက်စဉ် တရားမဝင် ဝင်ရောက်လာသူတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၅ နာရီခွဲခန့်က လှည့်ကင်းဆောင်ရွက်စဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသူ ဖော်ဇော်ကော်ဘီရ်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်မြို့ပြအိမ်ယာဖွံ့ဖြိုးရေး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်ထားသော အောင်ချမ်းသာအိမ်ရာ (၄)ခန်းတွဲ၏ ဆဋ္ဌမထပ်၊ တိုက်အမှတ် (B)၊ အခန်းအမှတ် (၆၀၁)၊ ကြမ်းခင်းဧရိယာ (၁၆၀၀)စတုရန်းပေအကျယ်ရှိ ဖါတ်လေ့ခါးပါတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျှက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်သန်း (၁၃/ကတန (နိုင်)၀၁၆၁၆၄) (ကွယ်လွန်)မှ အမည်ပေါက်ပိုင်ဆိုင်ပြီး အမွေဆက်ခံပိုင်ဆိုင်သောသားသမီးများဖြစ်သည့် (၁) ဦးထွန်းလင်းထွန်း (၂) ဒေါ်ရွှေဘော်မွှေ (၃) ဦးမြတ်လင်း (၄) ဦးဘင်မောင်ထွေးတို့မှ ရောင်းချရန် ကမ်းလှမ်းရာ ဝယ်ယူလိုသူ ဦးထွန်းမင်းဇော်မှ စရံငွေပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါအခန်းအား အကျိုး သက်ဆိုင်သူများမှ ရောင်းချခြင်းကို ကန့်ကွက်လိုပါက (၇)ရက်အတွင်း (မူရင်း) စာချုပ်စာတမ်းများကို ပြသပြီး ကျွန်ုပ်ထံသို့လည်းကောင်း (သို့မဟုတ်) ဝယ်ယူသူထံသို့ လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပြီး ( ၇ )ရက် ပြည့်သည့်နေ့နောက်ပိုင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တရားဥပဒေနှင့်အညီ ရောင်းချခြင်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်သူ၏ညွှန်ကြားချက်အရ -

ဦးဝင်းထိုက်

တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၄၈၉)

ဖုန်း - ၀၉ ၄၄၄၄၃၅၂၂

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/2878 DAI HATSU HIJET Pickup (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထူးအောင် ၁၂/ဥကတ(နိုင်)၁၅၈၃၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၁-ဂ)ဟု ခေါ်တွင်သည့် မြေအကျယ် (အလျားပေ၃၀xအနံပေ၉၀/ပေ၁၂၀) ပေါ်တွင် ဆောက်လုပ်ထားသည့် (အနောက်ဘက်တိုက်)၏ အကျယ်အဝန်း(အလျား၁၂(၁/၂)ပေxအနံပေ၄၀)ရှိ (မှန်ခန်း)မြေညီတိုက်ခန်း တစ်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ မြေရှင်ဦးမြတ်ဇော် (၁၂/မရက(နိုင်)၀၀၂၂၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ စရံငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ၏ညွှန်ကြားချက်အရ - ဒေါ်မြလှဲ့ဝင်း (L.L.B.D.B.L) အထက်တန်းရှေ့နေ**

**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊**

**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၅၁၅၁၈၃၃**

**အမည်မှန်**

ဝမ်းတွင်းမြို့နယ် အထက-သဲတော အဋ္ဌမတန်း(A)မှ ဦးနေမင်းစိုး ၉/ဝတန(နိုင်)၁၃၉၅၈၇၏သမီး မစုတုန်တုန်၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မစုသွယ်နိုင်ဖြစ်ပါကြောင်း။ **မစုသွယ်နိုင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက်(၃)၊ အခန်း ၁၀၇၊ ပထမထပ်တိုက်ခန်းနှင့် တိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေက လက်ရှိနေထိုင်လျက်ရှိ သော ပိုင်ရှင်ထံမှ ဥပဒေနှင့်အညီလွှဲပြောင်းဝယ်ယူသွားမည်ဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချမည့်သူအား ပေးအပ်ထားပြီးဖြစ်ပါသည်။ ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းဖိုးကျန်ငွေများကို ရောင်းချသူသို့ ပေးချေသွားမည်ဖြစ်ပြီး ဝယ်ယူသည့်တိုက်ခန်းကိုလည်း လက်ရောက်ရယူသွားမည်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံထည့်သွင်းစဉ်းစားလိမ့်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ၏ညွှန်ကြားချက်အရ-**

**ဦးခင်ဇော်(မရမ်းကုန်း)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၂၃)**

**တိုက်(၂)၊ အခန်း(၂၄)၊ မြို့ပြအိမ်ရာမြောက်ဘက်ခြမ်း၊ (၄)ရပ်ကွက်၊**

**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၂၅၃၂၂၅၁၅၁၊ ၀၉-၅၁၄၃၈၀၂**

## ဖခင်အမည်မှန်

သဲတော-ဝမ်းတွင်း အထက ဆဋ္ဌမတန်း(D)မှ မောင်ဝေယံမင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ကြည် ၉/ဝတန(နိုင်)၀၀၇၂၅၀ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ကြည်**

## မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့၊ (၁)ရပ်ကွက်၊ ကျိုင်းခုံရပ်နေ ဦးအောင်နိုင်၏သမီး နန်းစမ်ဆိုင်း၁၃/ကတန(နိုင်)၀၁၅၉၃၂၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၇-၁၉၇၂ ဖြစ်ပါကြောင်း။ **နန်းစမ်ဆိုင်း**

**ပျောက်ဆုံးကြောင်း**

ဦးသန့်ဇော်ဦး ၁၄/ဆကန(နိုင်)၁၆၈၇၁၅၂ ၏ သဘောင်္သားလုပ်သက်မှတ်တမ်းစာအုပ် (ရန်-၇၃၅၆/၁၃) မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၆၂၇၂၈၆၃၅

❊ ကျောဖုံးမှ

အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ ဟသ်ၤာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ချင်းတွင်းမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မုံရွာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံလွင်မြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ပေဝက်ခန့်ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**ငဝန်မြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှု အခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ပေခွဲခန့်နှင့်သာပေါင်းမြို့၌ တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ငါးသိုင်းချောင်းမြို့၌ တစ်ပေခန့် နှင့်သာပေါင်းမြို့၌ ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

❊ ကျောဖုံးမှ

လာသည့် မျိုးကိုထွန်းကို ညာနောက်ခံလူနေရာတွင် အသုံးပြုခဲ့ကာ စည်သူအောင်၊ မောင်မောင်လွင်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ ဘုန်းသစ္စာမင်း(ဂိုး)တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစား၍ ပွဲမှာအပြန်အလှန်ရှိခဲ့သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ နှစ်ဖက်ကစားသမားများမှာ အားထည့်ကစားခဲ့သောကြောင့် မကြာခဏ အချင်းများခဲ့ပြီး အဝါ၊ အနီကတ်များထိခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် မြန်မာအသင်း အနိုင်ဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး မိနစ် ၆၀ တွင် အောင်သူကန်သွင်းခဲ့သောကြောင့် ဂိုးစတင်ရရှိခဲ့သည်။ ၆၉ မိနစ်တွင် မြန်မာအသင်း ဂိုးရရှိရေးကြိုးပမ်းရာမှ မြန်မာတိုက်စစ်မှူး အောင်ကောင်းမာန်နှင့် စင်ကာပူ ဂိုးသမား အဖန်တို့ အချင်းများခဲ့ပြီး ကွင်းလယ်ဒိုင်က အဖန်ကို တိုက်ရိုက်အနီ၊ အောင်ကောင်းမာန်ကို နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် စင်ကာပူအသင်း ခြေပဂိုးပြန်ရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း မြန်မာဂိုးသမား ဘုန်းသစ္စာမင်း ကာကွယ်နိုင်ခဲ့သည်။ မြန်မာအတွက် ဒုတိယဂိုးကို ပွဲပြီးခါနီးတွင် လှိုင်းဘိုဘိုက သွင်းယူခဲ့သည်။ မြန်မာနှင့် စင်ကာပူ ပွဲမစတင်မီ ကွယ်လွန်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကာ မြန်မာ ကစားသမားများမှာ လက်ပတ်အမည်းများ ဝတ်ဆင် ကစားခဲ့သည်။

ညနေ ၃ နာရီကယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် ဩစတြေးလျအသင်းက ဘရူနိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဩစတြေးလျအသင်းသည် ဂိုးကံခေခြင်းနှင့် ဘရူနိုင်း ဂိုးသမားလက်စွမ်းပြကာကွယ်နေ၍ ဒုတိယပိုင်းမှ အနိုင်ဂိုးများရခဲ့သည်။ ဩစတြေးလျအတွက် ဂိုးများကို ၅၂ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဘလက်ဝုဒ်၊ ၈၄ မိနစ်တွင် ပက်ထရစ်တို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဩစတြေးလျနှင့် စင်ကာပူ၊ မြန်မာနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့ နှစ် (၇၀) ပြည့် အာဇာနည်နေ့ နံနက်ပိုင်းတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ ဘောလုံးကွင်း၌ တက္ကသိုလ်၏ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကိုကျင်းပရာ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းမိသားစုများ၊ ကျောင်းသား ကျောင်းသူများစုပေါင်းကာ ကျွန်းပင် ၈၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

**(မြန်မာ့အလင်း)**



## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

❖ နည်းပြ ကွန်တီသည် ချယ်လ်ဆီးအသင်းနှင့် နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက အတည်ပြုထုတ်ပြန်ခဲ့ပြီးနောက် ၎င်းသည် ချယ်လ်ဆီးသမိုင်းတစ်လျှောက်တွင် တစ်နှစ်ကို ပေါင် ၉ ဒသမ ၅ သန်းဖြင့် အမြင့်မားဆုံးလုပ်ခလစာပေးချေရသော နည်းပြဖြစ်လာကြောင်း သိရသည်။ ဂျူဗင်တပ်စ်နှင့် အီတလီနည်းပြဟောင်း ကွန်တီသည် ချယ်လ်ဆီးအသင်းသို့ ရောက်ရှိလာပြီး ၎င်း၏ ပထမရာသီတွင်ပင် ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

❖ ဝက်စ်ဟမ်းအသင်းသည် ဩစတြီးယားတိုက်စစ်မှူး မာကို အနာယူတိုဗစ်ကို ခေါ်ယူရန် စတုတ်စီးတီးအသင်းနှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။ အနာယူတိုဗစ် (၂၈နှစ်)သည် ဂျာမန်ကလပ် ဝါဒါဘရီမင်အသင်းမှ စတုတ်စီးတီးအသင်းသို့ရောက်ရှိလာသူဖြစ်ပြီး ပြီးခဲ့သော ရာသီတွင် ပြိုင်ပွဲစုံ ၃၅ ပွဲတွင် ခုနစ်ဂိုးသွင်းယူပေးထားကြောင်း သိရသည်။ ထို့အပြင် ဝက်စ်ဟမ်းအသင်းသည် မန်စီးတီးနှင့် အင်္ဂလန်ဂိုးသမား ဂျိုးဟတ်ကို တစ်နှစ် အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်းလည်း သိရသည်။

❖ လီဗာပူးကွင်းလယ်ကစားသမား လူးကပ်စ်သည် ပေါင် ငါးသန်းဖြင့် အီတလီကလပ် လာဇီယိုအသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။ လူးကပ်စ် (၃၀ နှစ်) သည် ၂၀၀၇ ခုနှစ်က ဘရာဇီးကလပ် ဂရီမီအိုအသင်းမှ ပေါင် ငါးသန်းဖြင့် လီဗာပူးသို့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပရီမီယာလိဂ်ပွဲ ၂၄၇ ပွဲအပါအဝင် စုစုပေါင်း ၃၄၅ ပွဲ ကစားပေးထားကြောင်းလည်း သိရသည်။

❖ လီဗာပူးအသင်း၏ ဒုတိယအကြိမ်မြောက်အဖြစ် လိုက်ပ်ဇစ်ကစားသမား နာဘီကီတာအတွက် ပေါင် ၆၆ သန်းကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း သိရသည်။

❖ ဝက်စ်ဟမ်းအသင်းသည် လေဗာကူဆင်အသင်းမှ မန်ချက်စတာယူနိုက်တက်တိုက်စစ်မှူးဟောင်း ဟာနန်ဒက်ဇ် (၂၉ နှစ်)ကို ပေါင် ၁၃ သန်းဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း သိရသည်။

❖ အာဆင်နယ်အသင်းသည် ယခုနွေရာသီတွင် တိုက်စစ်မှူး ဆန်းချက်ဇ်အသင်းမှ ထွက်ခွာသွားပါက ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာ (၂၉ နှစ်) ကို ခေါ်ယူရန်ကြိုးစားလိမ့်မည်ဖြစ်ကြောင်း သိရသည်။

❖ အိန်ဂျယ် ဒီမာရီယာသည် ပြီးခဲ့သည့်ရာသီ နည်းပြ အမ်မရီလက်အောက်တွင် ခက်ခက်ခဲခဲဖြတ်သန်းခဲ့ရသည်ဟု ဝန်ခံခဲ့သော်လည်း ပီအက်စ်ဂျီအသင်းတွင် ဆက်လက်နေရန်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အာဂျင်တီးနားလက်ရွေးစင်ကစားသမားသည် ၂၀၁၆-၂၀၁၇ ရာသီတွင် ပြိုင်ပွဲစုံ ၄၃ ပွဲ ပါဝင်ကစားခဲ့ပေမယ့် ပြိုင်ပွဲအလယ်လောက်တွင် ပုံစံကောင်းပြန်လည်ရရှိရန် ရုန်းကန်ခဲ့ရသည်။ အင်တာမီလန်အသင်း၏ အားကစား ဒါရိုက်တာတစ်ဦးဖြစ်သော အူစီလီယိုက အဆိုပါ ကစားသမား၏ လုပ်အားခတောင်းဆိုမှုသည် အလွန်မြင့်မားလိမ့်မည်ဟု အဆိုပြုထားသော်လည်း မကြာသေးခင် ရက်များအတွင်း အင်တာမီလန်အသင်း၏ ချိတ်ဆက်မှုကို ခံခဲ့ရသူဖြစ်ကြောင်းလည်း သိရသည်။ သို့ပေမယ့် ဒီမာရီယာ (၂၉ နှစ်) သည် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန် ဆန္ဒတစ်စုံတစ်ရာမရှိဘဲ လအနည်းငယ်အတွင်း နည်းပြ၏ လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်လာမည်ဟု ယုံကြည်ကြောင်း သိရသည်။

**ဇော်ဇော်**


### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ်-၁၆/က၊ သုံးလွှာ(ခြေရင်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးတို့ကို ဒေါ်မျိုးမျိုးသန့် ၁၂/ဗဟန(နိုင်)၀၀၀၀၈၁မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း**
**တိုက်အမှတ် (၃၉/၄၀)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၅၀၅၅၈၆၇၊ ၀၉-၉၇၄၈၅၃၀၅၂**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ဝင်းကြည် ၁၂/လမန(နိုင်)၀၉၂၈၂၂ပိုင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ(၁၀)လမ်း၊ အမှတ်(၇၈၇)၊ (၂)ခန်းတွဲ (၃½)တိုက်သစ်ရှိ မြေညီထပ်(ခြေရင်းခန်း)၊ မှန်ခန်း(ခေါင်းရင်းခန်း)၊ ဒါဘာ(ခြေရင်းခန်း)တို့အား စရန်ငွေပေး၍ဝယ်ယူထားသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါအဆောက်အအုံပြီးစီး၍ အခန်းများလက်ရောက်အပ်နှံရန် ဝယ်သူများအား ဆက်သွယ်ခဲ့ရာတွင် ဆက်သွယ်၍ မရခဲ့ပါ။ သို့ဖြစ်ပါ၍ ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း မိမိတို့ဝယ်ယူထားသည့် တိုက်ခန်းများအတွက် ပေးရန်ကျန်ငွေအသီးသီးအား စရန်ပေး စာချုပ်မူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံ လာရောက်ဆက်သွယ်ပေးသွင်းလျက် တိုက်ခန်းအပြီးအပိုင် စာချုပ်များချုပ်ဆိုကြရန် သတိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက စာချုပ်ပါအပိုဒ်(၅)အရ ရောင်းသူမှ လက်ခံစဉ်းစားတော့မည် မဟုတ်ကြောင်း ဝယ်ယူထားသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးကြည် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဥ်-၄၈၆၃)**
**အမှတ်(၃၅၀)၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၁၂၅၇၇၊ ၀၉-၇၉၁၉၉၁၀၁၇**

### မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၁၇ခုနှစ် ဇူလိုင် ၂၂ရက်မှ ဇူလိုင် ၂၇ရက်အထိကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၀ဒသမ၄၀ ပေခန့်မှ ၂၁ဒသမ၁၀ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၂ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်း အထက်အမြင့် ပေ ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီးနေထိုင်ကြသော လုပ်သားပြည်သူများအား ယခုကဲ့သို့ သတိပေး သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

### အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၃)၊ ဦးပိုင်နံပါတ် (၇၃-ခ)ဟုခေါ်တွင်သော မြေဧရိယာ ၀ဒသမ၀၅၆၇၈ဧက အကျယ်အဝန်းရှိ ဂရန် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စုလတ်ဝင်း(ဘ) ဦးတင်ဝင်း ၉/မနတ(နိုင်)၀၀၄၈၄၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နီနီဝေ**
**၉/မရမ(နိုင်)၀၂၅၂၈၇**

**လွှဲအပ်ချက်အရ-**
**ဒေါ်အေးနန္ဒာထွန်း LL.B, D.B.L, D.I.L (စဉ်-၄၃၂၅၆)**
**ဒေါ်ဝင့်ဝါချို LL.B, D.B.L (စဉ်-၄၃၀၇၂)**
**အထက်တန်းရှေ့နေများ**
**အကွက် (၈၀၆)၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၄၄၀၀၆၅၄၆၊ ၀၉-၉၆၄၄၄၆၅၄၆**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/7912 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/1143 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဝတ်ကျောင်းလမ်းနှင့် ဇင်ယော်လမ်းထောင့်ရှိ အမှတ်(၂)တွင် နေထိုင်သူ ဦးစိန်ဝင်း ၁၂/ဗတထ(နိုင်)၀၀၈၄၅၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဝတ်ကျောင်းလမ်းနှင့် ဇင်ယော်လမ်းထောင့်ရှိ အမှတ်(၂)ဟုခေါ်တွင်သော ဦးသောင်းအမည်ပေါက် (၂၇'-၆"×၅၀') အကျယ်အဝန်းရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်များအား ဒေါ်မြကျင် ၁၂/ဗတထ(နိုင်)၀၂၁၈၀၀မှ ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ကမ်းလှမ်းချက်အရ ၎င်းပိုင်မြေအနက်မှ (၂၇'-၆"×၂၆')ရှိမြေအား ရောင်းချရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူ၍ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း LL.B (တရားလွှတ်တော်ရှေ့နေ)**
**တိုက်အမှတ်(၉/၁၁)၊အခန်းအမှတ်(၁၀၂/အီး)၊ ပထမထပ်၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၅၃၃၂၆**

### မိခင်အမည်မှန်

ညောင်ဦးမြို့နယ်၊ အလက(ခွဲ) သဲယာချောင်း ပဥ္စမတန်းမှ မမိုးမိုးသူ၏ မိခင်အမည်မှန်မှာ ဒေါ်စန်းတင် ၉/ညဉန(နိုင်)၁၉၁၂၉၂ ဖြစ်ပါကြောင်း။

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုဂံ အထကကျောင်းမှ မနှင်းဝေရီ (ဘ) ဦးသိန်းသန်း၏သမီး အမည်မှန်မှာ မနှင်းဝတ်ရည် တက္ကသိုလ်ဝင်တန်း (B)ဖြစ်ပါကြောင်း။ **မနှင်းဝတ်ရည်**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ Pahtama Group Co.,Ltd ၏ သွင်းကုန်လိုင်စင်အမှတ် WQIL3 15-16 1376 (20-1-2016) နှင့် သွင်းကုန်ကြေညာလွှာ အမှတ်-916276 (3-2-2016) တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၇၈၇၉၆၀၁**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7365 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေပြဋ္ဌာန်း

**ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။)**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ရေနံလက်ယက်တွင်း** ဆိုသည်မှာ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လူအင်အား သို့မဟုတ် စက်အင်အား သို့မဟုတ် အင်အားနှစ်ရပ် စလုံးဖြင့် အနက်ပေ ၁၀၀၀ ထက်မပိုသော ရေနံ တူးဖော်ထုတ်လုပ်သည့်တွင်းကို ဆိုသည်။

(ဃ) **ရေနံလက်ယက်တွင်းမှ ထွက်ရှိသောရေနံ** ဆိုသည်မှာ ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ဟိုက်ဒရိုကာဗွန်အရည် သို့မဟုတ် ဟိုက်ဒရို ကာဗွန်အရောအနှော သို့မဟုတ် မီးလောင်လွယ်သည့် အရောအနှောစသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် သဘာဝဓာတ်ငွေ့ မပါဝင်။

(င) **ရေနံလက်ယက်တွင်းတူးဖော်ခြင်း** ဆိုသည်မှာ ရေနံရယူရန်အလို့ငှာ သက်ဆိုင်ရာ လုပ်ကွက်၏ မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက်ကျောက်လွှာကိုဖြစ်စေ တူးဖော်ခြင်း၊ တူးဖောက်ခြင်း၊ တူးဆွခြင်းလုပ်ငန်းကို ဆိုသည်။

(စ) **ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း** ဆိုသည်မှာ လုပ်ကွက်အတွင်းတွင် ရေနံရယူရန်အလို့ငှာ မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက်ကျောက်လွှာကိုဖြစ်စေ တူးဖော်ခြင်း၊ တူးဖောက်ခြင်း၊ တူးဆွခြင်းမှထွက်ရှိလာသည့် ရေနံကိုဖြစ်စေ၊ မြေအောက်မှမြေပြင်ပေါ်သို့ အလိုအလျောက်စိမ့် ထွက်သော ရေနံကိုဖြစ်စေ ထုတ်ယူခြင်းလုပ်ငန်းကို ဆိုသည်။

(ဆ) **လုပ်ကွက်** ဆိုသည်မှာ နိုင်ငံတော်ပိုင် နယ်နိမိတ်အတွင်းရှိ ကုန်းတွင်းပိုင်းတွင် ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းမှ အဆိုပြုလျှောက်ထားသည့် အကျယ်အဝန်းအပေါ် ဝန်ကြီးဌာနက စိစစ်ခွင့်ပြုသော လက်ယက်တွင်း လုပ်ကွက်ကို ဆိုသည်။

(ဇ) **လိုင်စင်**ဆိုသည်မှာ ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းအား ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုကြောင်း ဝန်ကြီးဌာနက လုပ်ကွက်အလိုက် ထုတ်ပေးသည့် ခွင့်ပြုချက်လိုင်စင်ကို ဆိုသည်။

(ဈ) **လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ** ဆိုသည်မှာ လုပ်ကွက်အတွင်း ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရသည့် ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊

(ခ) သက်ဆိုင်ရာလုပ်ကွက် တည်ရှိရာဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(ဂ) ရေနံလက်ယက်တွင်းများမှ ရေနံများကို အန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ တူးဖော်ထုတ်လုပ်ရေး ဆောင်ရွက်ရန်၊

(ဃ) ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှရေနံထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လူမှု စီးပွားထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေးကို ဆောင်ရွက်ရန်။

**အခန်း(၃)**
**လုပ်ကွက်နှင့် လိုင်စင်လျှောက်ထားခြင်း**

၄။ ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူသည် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသာ ဖြစ်ရမည်။

၅။ ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံ လက်ယက် တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသော ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် မိမိလုပ်ကိုင်လိုသည့် လုပ်ကွက်၏ တည်နေရာ၊ အကျယ်အဝန်းနှင့် သက်ဆိုင်ရာဌာနအသီးသီး၏ ထောက်ခံချက်တို့ကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ လျှောက်ထားရမည်။

၆။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် လျှောက်လွှာပါ ဖော်ပြချက်များကို သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်ခြင်း ရှိမရှိစိစစ်၍ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ တင်ပြလာသော လျှောက်လွှာကို လက်ခံရရှိသည့်အခါ လျှောက်ထားချက်ကို စိစစ်၍-

(က) လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို တောင်းခံ နိုင်သည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနများက ထောက်ခံမှုမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိလျှင်သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

(ဂ) ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သို့ ပြန်ကြားရမည်။

၈။ ပုဒ်မ ၇ အရ ဆောင်ရွက်ပြီးသည့် လုပ်ကွက်နှင့်ပတ်သက်၍ ဝန်ကြီးဌာနသည် မိမိတို့ဝန်ကြီးဌာနက သတ်မှတ်ထားသော သို့မဟုတ် သတ်မှတ်ရန်လျာထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်သည့် လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှုရှိမရှိနှင့် အခြားလိုအပ်ချက်များကို စိစစ်၍ သတ်မှတ် ချက်များနှင့်ညီညွတ်ပါက ယင်းလုပ်ကွက်ကို ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်ရမည်။

၉။ ပုဒ်မ ၈ အရ ဝန်ကြီးဌာန၏ တင်ပြချက်ကို ပြည်ထောင်စု အစိုးရအဖွဲ့က သဘောတူညီလျှင် ဝန်ကြီးဌာနသည် ယင်းလုပ်ကွက်နှင့် စပ်လျဉ်းသည့် တစ်နှစ်သက်တမ်းရှိသော လိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၀။ ပုဒ်မ ၉ ပါလိုင်စင်ကို သက်တမ်းတိုးလိုသည့် လုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ နှစ်လကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ သက်တမ်းတိုး လျှောက်လွှာဖြင့် လျှောက်ထားရမည်။

၁၁။ လျှောက်လွှာလက်ခံရရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့သည် သက်တမ်းတိုးလိုသည့်လျှောက်လွှာကို ပြန်လည်စိစစ်၍ လိုင်စင်သက်တမ်း မကုန်ဆုံးမီ တစ်လကြိုတင်၍ ဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ရမည်။

၁၂။ ဝန်ကြီးဌာနသည် သက်တမ်းတိုး လျှောက်ထားချက်ကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လျှောက်ထားသူအား တစ်နှစ်သက်တမ်းရှိသည့် လိုင်စင်ကို ထုတ်ပေးရမည်။

(ခ) သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိသော လျှောက်ထားချက်ကို အကြောင်းပြချက်ဖြင့် ငြင်းပယ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ တစ်ဆင့် လျှောက်ထားသူကို အကြောင်းကြားရမည်။

**အခန်း(၄)**
**ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၃။ ဝန်ကြီးဌာနသည် -

(က) လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပုဒ်မခွဲ (ခ) အရ စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က တင်ပြချက်အရဖြစ်စေသိရှိပါက စီမံခန့်ခွဲရေး နည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။

(ဃ) သတ်မှတ်ထားသည့် လျှောက်လွှာကြေးနှင့် လိုင်စင်ကြေးကောက်ခံရမည်။

၁၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ဆောင်ရွက်နေသော လုပ်ကွက်မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့်နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထားလာပါက စိစစ်ခွင့်ပြုနိုင်သည်။

**အခန်း(၅)**
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စိစစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် တည်ဆဲဥပဒေများ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက စီမံခန့်ခွဲမှုနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဃ) လိုင်စင်အား ရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြစ်ဒဏ်ချမှတ်သင့်ကြောင်း ပေါ်ပေါက်ပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း၊ ရေနံလက်ယက်တွင်းမှ ထွက်ရှိသော ရေနံများကို သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း၊ စိစစ်ခြင်း၊ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(စ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ရေနံအတွက် ပေးသွင်းရမည့် ခိုင်ကြေးနှင့် လုပ်ကွက်အတွက် မြေငှားရမ်းခများ ကောက်ခံခြင်း၊

(ဆ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် နေ့စဉ်ရေနံထုတ်လုပ်မှုစာရင်းကိုလစဉ် လဆန်း ခုနစ်ရက်အတွင်း ဝန်ကြီးဌာနသို့ ပေးပို့စေခြင်း၊

(ဇ) ရေနံလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်း တင်ပြစေခြင်း။

**အခန်း(၆)**
**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ လိုက်နာရမည့် စည်းကမ်းများ**

၁၆။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-

(က) ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဒေသ၏ ပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမဖြစ်စေရန် ဆောင်ရွက်ရမည့်အပြင် လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အခါ လုပ်ကွက်အား မူလအနေအထားအတိုင်း ဖြစ်စေရန် ပြန်လည်ပြုပြင်ထားရှိရမည်။

(ဂ) ရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့်ချက်လုပ်ခြင်းလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများနှင့် ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်ရမည်။ အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုမျှလုပ်ကွက် တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း လွှဲပြောင်း ဆောင်ရွက်ခြင်းမပြုရ။

(င) လိုင်စင်ထုတ်ပေးသည့်နေ့မှ သုံးလအတွင်း ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှရေနံထုတ်လုပ်ခြင်းကို စတင်ဆောင်ရွက်ရမည်။

(စ) ယင်းရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့် အချက်အလက်များနှင့် ထုတ်ယူရရှိသည့် ရေနံနမူနာကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်နှင့်အညီ ပေးအပ်ရမည်။

(ဆ) နေ့စဉ်ရေနံထုတ်လုပ်မှု ပမာဏစာရင်းဇယားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ လစဉ်မပျက်မကွက် ပေးပို့ရမည်။

(ဇ) ပြည်ထောင်စုအစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်လာလျှင် ရေနံ ထုတ်လုပ်ရန် ခွင့်ပြုထားသော မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း ကိုဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ ပြန်လည်အပ်နှံရမည်။ ထိုသို့ ပြန်လည်အပ်နှံပြီးနောက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ဤဥပဒေနှင့်အညီ ပြန်လည် လျှောက်ထားနိုင်သည်။

(ဈ) လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရပါက ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့်နေ့တွင် လုပ်ငန်းရပ်ဆိုင်းပြီး လုပ်ကွက်အတွင်းမှ တစ်လအတွင်း ဖယ်ရှားပေးရမည်။

(ည) လိုင်စင်သက်တမ်းအတွင်း လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုခြင်း မရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ အကြောင်းကြား၍ လုပ်ကွက်လိုင်စင်အား ပြန်လည်အပ်နှံရမည်။

(ဋ) လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေး၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများအပါအဝင် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဖွဲ့စည်းပေးသော စစ်ဆေးရေးအဖွဲ့၏ လိုအပ်သလို စစ်ဆေးကြပ်မတ်မှုကို ခံယူရမည်။

(ဌ) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အထူးစီမံချက်များကို လိုက်နာရမည်။

(ဍ) ရေနံလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြရမည်။

၁၇။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ရေနံကို သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) တည်ဆဲဝင်ငွေခွန်ဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့နှင့်အညီ ကျသင့်သည့် ဝင်ငွေခွန်နှင့် အခွန်အခများကို ပေးဆောင်ရမည်။

**အခန်း(၇)**
**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၁၈။ (က) ဝန်ကြီးဌာနသည် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊
(၂) ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊
(၃) လိုင်စင်အားကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊
(၄) လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ခ) ဤဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့် စည်းကမ်းချက်များကို ဖောက်ဖျက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် အောက်ဖော်ပြပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊
(၂) ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် ထိုသို့ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ ပြန်လည်သုံးသပ်ပေးနိုင်ရန် တင်ပြနိုင်သည်။ ဝန်ကြီးဌာနသည် ယင်းတင်ပြလာမှုအပေါ် စိစစ်၍ မူလဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

**အခန်း(၈)**
**ပြစ်မှုနှင့်ပြစ်ဒဏ်**

၁၉။ မည်သူမဆို ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်အောက် မနည်းသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၀။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပတ်ဝန်းကျင် ညစ်ညမ်းမှု သို့မဟုတ် ပျက်စီးမှု သို့မဟုတ် လူမှုစီးပွားထိခိုက်မှုအတွက် ကုစားရသည့် ကုန်ကျစရိတ်များကို ထိုသူကပေးလျော်စေရမည်။

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ အဆက်*

၂၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ဋ) တို့ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော တာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

**အခန်း(၉)**

**အထွေထွေ**

၂၂။ ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပေးထားသော လိုင်စင်သည် သက်တမ်းကုန်ဆုံးခြင်းမရှိသေးပါက-

(က) ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းလိုင်စင်၏ သက်တမ်းသည် လိုင်စင်ပါ သက်တမ်း အတိုင်းသာ ဖြစ်ရမည်။

(ဂ) လိုင်စင်သက်တမ်းကုန်ဆုံးလျှင် လိုင်စင်သက်တမ်း တိုးခြင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ (က) ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှရေနံထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့် လျှောက်ထားသူသည်-

(၁) မိမိလုပ်ကိုင်ရန် လျှောက်ထားသည့် လုပ်ကွက်တွင် အခြားသောပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေးတစ်စုံတစ်ရာ ရရှိထားသူမရှိစေရန်လည်းကောင်း၊ မိမိလုပ်ကိုင် ခွင့်ရရှိခြင်းသည် ဥပဒေနှင့်အညီ ဖြစ်စေရန်လည်းကောင်း တာဝန်ယူဆောင်ရွက်ရမည်။

(၂) လိုင်စင်ရရှိပြီးနောက် မိမိလုပ်ကွက်တွင် ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေး တစ်စုံတစ်ရာ ရှိသူပေါ်ပေါက်ပြီး ကန့်ကွက်လျှင် မိမိကိုယ်တိုင် တာဝန်ယူဖြေရှင်းရမည်။

(ခ) ဝန်ကြီးဌာနသည် လုပ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ရှိပါက ယင်းကန့်ကွက်ချက်ကို လိုင်စင်ရရှိသူက ပုဒ်မခွဲ (က) နှင့်အညီ ပြီးပြတ်သည်အထိ ဖြေရှင်းနိုင်ခြင်းမရှိလျှင် ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့်ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်ရသူအား ထုတ်ပေးထားသည့် လိုင်စင်ကိုရုပ်သိမ်းနိုင်သည်။

၂၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် ဆောင်ရွက်ချက်များဖြစ်သည့် လက်ဝါးကြီးအုပ် လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပေါ်ပေါက်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ရမည်။

၂၆။ (က) ဤဥပဒေပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းမှ ထုတ်ယူရရှိသော ရေနံပမာဏပေါ်မူတည်၍ သက်ဆိုင်ရာ ရေနံလက်ယက်တွင်း လုပ်ကွက်တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရန်ပုံငွေထည့်ဝင်ရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ယင်းရန်ပုံငွေကို လက်ခံရရှိမှု၊ ထိန်းသိမ်းမှု၊ ထုတ်ယူသုံးစွဲမှု၊ စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိတို့ သက်ဆိုင်ရာနယ်မြေဒေသအတွက် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

(စ) လူကြီးအကျဉ်းသားများနှင့်အတူ ရောနှော၍ထားရှိခြင်း မပြုရ။ မိန်းကလေးဖြစ်ပါက အမျိုးသမီးအစောင့် အရှောက်ဖြင့်သာ ထားရှိရမည်။

(ဆ) သက်ဆိုင်သော မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ချက်ချင်း သို့မဟုတ် ဆောလျင်စွာ အသိပေးအကြောင်းကြားရမည်။ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးနှင့်လည်းကောင်း၊ ရှေ့နေနှင့်လည်းကောင်း ကလေးသူငယ်ကို တွေ့ဆုံခွင့်ပြုရမည်။

(ဇ) ကျူးလွန်သောပြစ်မှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီသာ မေးမြန်းရမည်။

(ဈ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း မပြုပါက ကလေးသူငယ်ကို သက်ဆိုင်ရာကလေးသူငယ်တရားရုံးသို့ ဆောလျင်စွာ တင်ပို့ရမည်။

(ည) ပုဒ်မခွဲ (ဈ) အရ ကလေးသူငယ်တရားရုံးသို့ ဆောလျင်စွာတင်ပို့ခြင်း မပြုနိုင်ပါက ကလေးသူငယ်ကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် ခံဝန်ချုပ် ချုပ်ဆိုစေပြီး လွှတ်ပေးရမည်။ ထိုသို့ ခံဝန်ချုပ်ဖြင့် လွှတ်ပေးခြင်း မပြုနိုင်ပါက ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် အခြားသင့်တော်သောနေရာသို့ ပို့ဆောင်ရမည်။

(ဋ) ကလေးသူငယ် အသက်အရွယ်ကို သတ်မှတ်ရန် အသက်နှင့်စပ်လျဉ်းသော အထောက်အထားများရယူထားရမည်။

၇၈။ ရဲအရာရှိသည် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးသည့် ကလေးသူငယ်ကို -

(က) ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။ သို့ရာတွင် ရာဇသတ်ကြီးနှင့် အခြားပြစ်မှုဆိုင်ရာ အထူး ဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းမပြုရ။

(ခ) ဖမ်းဆီးရမိလျှင် သက်ဆိုင်ရာ သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့် ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ပြန်ပို့ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ပြန်မပို့နိုင်မီကာလအတွင်း အခြားသင့်လျော်သည့်နေရာ၌ ထိန်းသိမ်းထားရှိနိုင်သည်။

**အခန်း (၂၂)**

**ကလေးသူငယ် တရားစီရင်ရေး**

၇၉။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် -

(က) နိုင်ငံတော်အတွင်း လိုအပ်ပြီး သင့်လျော်သော နယ်မြေများတွင် ကလေးသူငယ် တရားရုံးများ တည်ထောင်ရမည်။ ထို့အပြင် ကလေးသူငယ်တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကလေးသူငယ်တရားရုံး တည်ထောင်ထားခြင်းမရှိသော နယ်မြေဒေသတွင် မြို့နယ်တရားသူကြီးအား ကလေးသူငယ်တရားသူကြီး၏ စီရင်ပိုင်ခွင့် အာဏာကို အပ်နှင်းနိုင်သည်။

၈၀။ ကလေးသူငယ်တရားရုံးသည် -

(က) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်ရန် သဘောတူညီနိုင်ငံး ဖြေရှင်း ဆုံးဖြတ်ပြီးသော ကလေးသူငယ်မှုခင်းကို နှစ်ဖက်ကျေအေးခွင့်ပြုရမည်။

(ခ) ပြစ်မှုကျူးလွန်သည့် အချိန်တွင် အသက် ၁၈ နှစ် မပြည့်သေးသော ကလေးသူငယ်ကိုသာလျှင် တရားစီရင်ပိုင်ခွင့် ရှိစေရမည်။ ကလေးသူငယ်မှုခင်း တစ်ရပ်ကို ကြားနာစစ်ဆေးရာ၌ ဆက်လက်ဆောင်ရွက်ခြင်းမပြုမီ ပြစ်မှုကျူးလွန်သူမှာ ကလေးသူငယ်ဖြစ်ကြောင်း အသက်နှင့်စပ်လျဉ်းသည့် အထောက်အထားများကို စိစစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ရမည်။ ထိုဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ထားရှိရမည်။

(ဂ) ကလေးသူငယ်မှုခင်းကို ကလေးသူငယ်တရားရုံးက စစ်ဆေးစီရင် နေစဉ်အတွင်း စွပ်စွဲခံရသော ကလေးသူငယ်၏အသက်မှာ ၁၈ နှစ် ပြည့်သွားသော်လည်း ကလေးသူငယ်ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ဃ) စစ်ဆေးစီရင်နေစဉ်အတွင်း တရားစွဲဆိုတင်ပို့သော ကလေးသူငယ်ကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် အာမခံသူဖြင့် ခံဝန်ချုပ် ချုပ်ဆိုခြင်း သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်၍ မိဘ၊ အုပ်ထိန်းသူထံ သို့ဖြစ်စေ၊ ယာယီစောင့်ရှောက်ရေး ဂေဟာ သို့မဟုတ် အခြားသင့်လျော်သောနေရာသို့ဖြစ်စေ အုပ်ထိန်းရန် အပ်နှံနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ အာမခံသူဖြင့် ခံဝန်ချုပ်ပြုလုပ်ခြင်း မရှိသည့်အခါ နောက်ဆုံးနည်းလမ်းအဖြစ်သာလျှင် မိဘ၊ အုပ်ထိန်းသူထံသို့ဖြစ်စေ၊ ယာယီစောင့်ရှောက်ရေး ဂေဟာသို့ဖြစ်စေ၊ အခြားသင့်လျော်သောနေရာသို့ဖြစ်စေ စည်းကမ်းချက်များကို လိုက်နာစေလျက် ကလေးသူငယ်ကို အပ်နှံနိုင်သည်။ ထိုသို့ အပ်နှံသည့်ကာလသည် အတိုတောင်းဆုံး ဖြစ်စေရမည်။

(စ) မည်သည့်အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင် ဖြစ်စေ၊အကျဉ်းထောင်တွင်ဖြစ်စေ ချုပ်မိန့် မပေးရ။

(ဆ) ကလေးသူငယ်ကို မည်သည့်ပြစ်မှုအတွက်မဆို ကလေးသူငယ်တရားရုံးရှေ့မှောက်သို့ တင်ပို့ပါက ကလေးသူငယ်နားလည်နိုင်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် စွဲဆိုသည့်ပြစ်မှုကို ရှင်းလင်းပြောကြားရမည်။

(ဇ) သေဒဏ် သို့မဟုတ် ထောင်ဒဏ် ၃ နှစ်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ကလေးသူငယ်မှုခင်းများကို ဝရမ်းမှု စစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ဈ) ပုဒ်မခွဲ(ဇ)ပါ မှုခင်းမျိုးမှတစ်ပါး အခြားကလေးသူငယ်မှုခင်းများကို သမ္မန်မှုစစ်ဆေးသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်ရမည်။

(ည) ကလေးသူငယ်မှုခင်းတွင် ရှေ့နေငှားရမ်းထားစေကာမူ ကလေးသူငယ်က ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း မိမိကိုယ်ကို ကာကွယ်ပြောကြားရာတွင် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး သို့မဟုတ် တာဝန်ရှိလူမှုဝန်ထမ်းအရာရှိ တစ်ဦးဦးအား ကလေးသူငယ်ကို အကူအညီပေးရန် ခွင့်ပြုနိုင်သည်။

(ဋ) စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု ရှိ မရှိ စစ်ဆေးရန် လိုအပ်ပါက စိတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူဆရာဝန်နှင့် စစ်ဆေးပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၈၁။ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းများကို ကြားနာစစ်ဆေးရာတွင် -

(က) သီးခြားတရားရုံး သို့မဟုတ် သီးခြားအဆောက်အအုံတွင် ကြားနာစစ်ဆေးရမည်။ သီးခြားတရားရုံး သို့မဟုတ် အဆောက်အအုံမရှိပါက တရားရုံးပုံမှန်ဖွင့်လှစ်၍ ကြားနာစစ်ဆေးသည့် နေရာမဟုတ်သော အဆောက်အအုံ သို့မဟုတ် အခန်းတွင် ပြုလုပ်ရမည်။

(ခ) မိဘများ၊ အုပ်ထိန်းသူများ၊ တရားရုံးဝန်ထမ်းများ၊ ဥပဒေအရာရှိများ၊ တူညီဝတ်စုံ ဝတ်ဆင်ထားခြင်းမရှိသော တာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းနှင့် သက်ဆိုင်သူများနှင့် ကလေးသူငယ်တရားရုံးက ခွင့်ပြုချက်ပေးထားသောသူများမှအပ အခြားမည်သူမျှကြားနာစစ်ဆေးသောနေရာတွင် မရှိစေရ။

(ဂ) ကလေးသူငယ်အတွက် ခုခံကာကွယ်ရန် မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် အခြားသင့်လျော်သူ တစ်ဦးဦးအား ကလေးသူငယ်ကိုယ်စားစစ်မေးခြင်း၊ လျှောက်ထားခြင်းနှင့် လျှောက်လဲခြင်းတို့ ပြုနိုင်ရန် ခွင့်ပြုရမည်။

(ဃ) ရဲအရေးပိုင်သောပြစ်မှု ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူ ကလေးသူငယ်အတွက် တရားလိုဘက်မှ ဥပဒေအရာရှိက လိုက်ပါဆောင်ရွက်ပေးရန်သက်ဆိုင်ရာဥပဒေရုံးသို့ အကြောင်းကြားရမည်။

(င) ကလေးသူငယ်နှင့် သက်သေများအတွက် လိုအပ်ပါက စကားပြန်ထားရှိနိုင်ရန် စီစဉ်ပေးရမည်။

(စ) ကလေးသူငယ်မှုခင်းကို ဆောလျင်စွာ ကြားနာစစ်ဆေးပေးရမည်။

(ဆ) သက်သေများ စစ်ဆေးခြင်း၊ လျှောက်လဲချက်ပေးခြင်းနှင့် စစ်ဆေးစီရင်ခြင်းပြုရာ၌ တရားခွင်ရှိ တရားသူကြီး၊ ဥပဒေအရာရှိ၊ လူမှုဝန်ထမ်းအရာရှိ၊ ရဲအရာရှိ၊ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် သက်သေများ မြင်နိုင်ကြားနိုင်၊ မေးမြန်းနိုင်၊ဖြေကြားနိုင်၊ မှတ်တမ်းတင်နိုင်သည့် ဗီဒီယိုရုပ်မြင်သံကြား မြင်ကွင်းစနစ်ဖြင့် ပြုလုပ်နိုင်သည်။

၈၂။ ကလေးသူငယ်မှုခင်းကို ကြားနာစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ်တရားရုံးသည် -

(က) စစ်ဆေးဆဲအမှု မည်သည့်အခြေအနေသို့ ရောက်ရှိနေစေကာမူ စွပ်စွဲခံရသူ ကလေးသူငယ်အား ကလေးသူငယ် တရားရုံးသို့လာရောက်ရန် မလိုဟုယူဆလျှင် ရုံးရှေ့သို့ မလာရောက်စေဘဲ ယင်း၏မျက်ကွယ်တွင် အမှုကို ဆက်လက်စစ်ဆေးနိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများကို ဖြစ်ထွန်းနိုင်သည့်ကိစ္စတွင် သတင်းအချက်အလက် ရယူခွင့်ပေးခြင်းမှအပ ကလေးသူငယ်မှုခင်းသတင်းအချက်အလက်များကို သတင်းစာများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ စာစောင်များနှင့် ရေဒီယို၊ ရုပ်မြင်သံကြား တစ်ခုခုတွင် ဖြန့်ချိခြင်း၊ ထုတ်လွှင့်ခြင်း မပြုနိုင်ရန်နှင့် သတင်းမီဒီယာသမားအား တရားခွင်အတွင်း ဝင်ရောက်ခြင်း ခွင့်မပြုရ။

(ဂ) ကလေးသူငယ်ကြီးကြပ်သူအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရန် သက်ဆိုင်ရာလူမှုရုံးသို့ အကြောင်းကြားရမည်။

၈၃။ ကလေးသူငယ် တရားရုံးသည် ရဲတပ်ဖွဲ့က စုံစမ်းနေစဉ်အတွင်း ဖြစ်စေ၊ ကလေးသူငယ် တရားရုံးက စစ်ဆေးစီရင်နေစဉ်အတွင်း ဖြစ်စေ ထွက်ပြေးတိမ်းရှောင်နေသော ကလေးသူငယ်ကို ဖမ်းဆီးမိပြီး သက်ဆိုင်ရာတရားရုံးသို့ စွဲဆိုတင်ပို့သည့်အချိန်တွင် အသက် ၁၈ နှစ် ပြည့်သွားသော ကလေးသူငယ်မှုခင်းနှင့် စပ်လျဉ်း၍ -

(က) အသက် ၁၈ နှစ် ပြည့်ပြီး အသက် ၂၀ နှစ် မပြည့်သေးလျှင် ကလေးသူငယ် ဖြစ်ဘိသကဲ့သို့ ဆက်လက်၍ ကြားနာ စစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

(ခ) အသက် ၂၀ နှစ် ပြည့်ပြီးဖြစ်လျှင် အရွယ်ရောက်သူကို စစ်ဆေးစီရင်သည့် နည်းလမ်းအတိုင်း ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။ သို့ရာတွင် ပြစ်ဒဏ်ကို ကလေးသူငယ်ဖြစ်သည့်အလား ဤဥပဒေနှင့်အညီ ချမှတ်ရမည်။ ထိုသို့ ချမှတ်သည့်အခါ ကလေးသူငယ်ကဲ့သို့ မိဘအုပ်ထိန်းသူထံ အပ်နှံခြင်း၊ ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် သင်တန်းကျောင်းတစ်ခုခုသို့ ပို့အပ်ခြင်း မပြုနိုင်။

၈၄။ ကလေးသူငယ်တရားရုံးသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသောကလေးသူငယ်အား အမိန့်ချမှတ်ခြင်းမပြုမီ အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းစဉ်းစားလျက် ကလေးသူငယ်၏အကောင်းဆုံးအကျိုးစီးပွားများ ဖြစ်ထွန်းစေပြီး စာရိတ္တပြုပြင်ပြောင်းလဲစေနိုင်မည့် အမိန့်ကို ချမှတ်ရမည် -

(က) ကလေးသူငယ်၏ အသက်အရွယ်နှင့် အကျင့်စာရိတ္တ၊

(ခ) ကလေးသူငယ်၏ ပတ်ဝန်းကျင် အခြေအနေ၊

(ဂ) ပြစ်မှုကျူးလွန်ရသည့် အကြောင်းရင်း၊

(ဃ) ကလေးသူငယ်ကြီးကြပ်သူက တင်သွင်းသော အစီရင်ခံစာ၊

(င) ကလေးသူငယ်အား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ကလေးသူငယ်၏ လွတ်လပ်ခွင့်ကို ထိခိုက်စေခြင်းမရှိဘဲ ဖြစ်နိုင်ပါက အခြားနည်းလမ်းဖြင့်လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ဦးစားပေးခြင်း၊

(စ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ အတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်သော အခြားအချက်များ။

၈၅။ ကလေးသူငယ်တရားရုံးသည် -

(က) ကလေးသူငယ်ကို သာမန်အားဖြင့် ထောင်ဒဏ်ချမှတ်ခြင်းမပြုရ။ ထောင်ဒဏ်ကို အခြားနည်းဖြင့်ပြုစုစောင့်ရှောက်ခြင်း သို့မဟုတ်အခြားနည်းလမ်းဖြင့်လွှဲပြောင်း ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ မရှိမှသာ နောက်ဆုံးနည်းလမ်းအဖြစ် သဘောထားပြီး ပြစ်ဒဏ်ချမှတ်ရမည်။

(ခ) တည်ဆဲ မည်သည့်ဥပဒေ တစ်ရပ်ရပ်တွင်မဆို မည်သို့ပင် ပါရှိစေကာမူ ကလေးသူငယ်အား ပြစ်မှုထင်ရှားစီရင်သည့်အခါ သေဒဏ်၊ ထောင်ဒဏ် တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ မချမှတ်ရ။

(ဂ) ကလေးသူငယ် ကျူးလွန်သည့်ပြစ်မှုမှာ အောက်ပါအချက်သုံးရပ်နှင့် အကျုံးဝင်သည်ဟု ကလေးသူငယ်တရားရုံးက ယုံကြည်မှသာ ထောင်ဒဏ်ချမှတ်ရမည်။ ထိုသို့ ထောင်ဒဏ်ချမှတ်ရာတွင် ထိုကလေးသူငယ်မှာ အသက် ၁၆ နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် ၇ နှစ်ထက် ပို၍လည်းကောင်း၊ အသက် ၁၆ နှစ် ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးပါက ချမှတ်သော ထောင်ဒဏ်သည် ၁၀ နှစ်ထက် ပို၍လည်းကောင်း မချမှတ်ရ -

(၁) သေဒဏ်၊ ထောင်ဒဏ် တစ်သက်၊ နှစ်အကန့်အသတ်မရှိထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ချမှတ်နိုင်သော ပြစ်မှုဖြစ်ခြင်း၊

(၂) ပုဒ်မခွဲငယ် (၁) ပါ ပြစ်မှုများကို ထပ်မံကျူးလွန်နိုင်သည့် ကလေးသူငယ်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများတွေ့ရှိခြင်း၊

(၃) ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်သောအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်မည့် အနေအထားမတွေ့ရှိရခြင်း။

(ဃ) ငွေဒဏ် တပ်ရိုက်ရန်ရှိလျှင် အသက် ၁၄ နှစ်ပြည့်ပြီး ဝင်ငွေရှိသည့် ကလေးသူငယ်ကို ငွေဒဏ်တပ်ရိုက်နိုင်သည်။ ငွေဒဏ်မဆောင်သည့် ထိုကလေးသူငယ်အား ထောင်ဒဏ် မချမှတ်ရ။ ထိုကလေးသူငယ်က ငွေဒဏ်မဆောင်လျှင် ကလေးသူငယ်၏မိဘကိုလည်းကောင်း၊ မိဘမရှိလျှင် အုပ်ထိန်းသူကို လည်းကောင်း ငွေဒဏ်တပ်ရိုက်ရမည်။

၈၆။ ကလေးသူငယ်တရားရုံးသည် ပုဒ်မ ၈၅၊ ပုဒ်မခွဲ (ဂ) ပါ အချက်သုံးရပ်နှင့် မငြိစွန်းသဖြင့် ထောင်ဒဏ်မချမှတ်သင့်သော ကလေးသူငယ်နှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ဆိုဆုံးမ၍ လွှတ်နိုင်သည်။

(ခ) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများ အလို့ငှာ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) မည်သည့်ပြစ်မှုတွင်မဆိုကလေးသူငယ်သည်ပြစ်မှုကို နောက်ထပ်မကျူးလွန်စေရေးအတွက် ဟန့်တားရန် အလို့ငှာ ထိုကလေးသူငယ်ကို ကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေမည် ဖြစ်ကြောင်း ခံဝန်ချုပ်ချုပ်ဆိုပြီး ၃ နှစ် ထက်မကျော်လွန်သောကာလ အတွက် စည်းကမ်းချက်များ သတ်မှတ်၍ မိဘ သို့မဟုတ် အုပ်ထိန်းသူထံ ပြန်လည် လွှဲအပ်ပေးနိုင်သည်။

(ဃ) ၃ နှစ်ထက်မပိုသောကာလအတွင်းကလေးသူငယ် ကြီးကြပ်သူ၏ ကြီးကြပ်စီမံခြင်းကို ခံယူစေနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ခေတ်သစ်မော်တော်ကားတစ်စီးကို မွေးဖွားခြင်း (အပိုင်း-၇)

သိပ္ပံစာရေးဆရာကိုကိုအောင်

**အသက်ကယ် ထိုင်ခုံခါးပတ်**

ယာဉ်မောင်းသူနှင့်တကွ ခရီးသည်များသည် မိမိတို့၏ထိုင်ခုံတွင် အသင့်တပ်ဆင်ပေးထားသော ခါးပတ်များကို မော်တော်ကား စတင်မထွက်ခွာမီကတည်းကပင် ကြိုတင်ပတ်ထားကြရမည်ဖြစ်သည်။ သို့မှသာ ယာဉ်တိုက်မှုတစ်စုံတစ်ရာဖြစ်ပွားပါက လူနှင့်ထိုင်ခုံတို့ မြဲမြံတင်းကျပ်စွာ ပူးတွဲလျက်ရှိနေမည်ဖြစ်ပြီး အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်သည်။

မော်တော်ကားတွင်တပ်ဆင်ပေးထားသော ထိုင်ခုံခါးပတ်များကို အသုံးပြုရာတွင် နည်းလမ်းတကျဖြစ်ရန် အလွန်အရေးကြီးသည်။ ခါးပတ်ကြိုးကို နည်းလမ်းတကျ တပ်ဆင်ထားမှသာလျှင် ယာဉ်တိုက်မှုဖြစ်ပွားသည့်အခါ သို့တည်းမဟုတ် ယာဉ်တိမ်းမှောက်မှုဖြစ်သည့်အခါမျိုးများ၌ အသက်ဆုံးရှုံးရခြင်းမှ ကင်းလွတ်နိုင်မည်ဖြစ်သည်။



မော်တော်ကားထိုင်ခုံခါးပတ်တွင် ခန္ဓာကိုယ်အပေါ်ပိုင်းကို သိုင်းပေးထားသောကြိုးနှင့် ခါးကိုပတ်ပေးထားသောကြိုးဟူ၍ ပါရှိပြီး ယင်းတာဝန်များကို ကြိုးတစ်ကြိုးတည်းဖြင့် ထမ်းဆောင်နိုင်အောင် ခါးပတ်ကွင်းနှင့် ထိုင်ခုံချိတ်များကို စီစဉ်တပ်ဆင်ပေးထားသည်။ ထိုင်ခုံခါးပတ်ကိုပတ်သည့်အခါ ခါးပတ်သည့်ကြိုးကို ခန္ဓာကိုယ်အောက်ပိုင်းရှိ ပေါင်နှစ်ဖက်နှင့် တတ်နိုင်သမျှနီးကပ်အောင် ထားရှိပေးရမည်ဖြစ်ပြီး စလွယ်သိုင်းကြိုးကိုမူ ပုခုံးပေါ်မှကျော်၍ တင်းတင်းကျပ်ကျပ်ဖြစ်အောင် ပတ်ထားရမည်ဖြစ်သည်။

ထိုင်ခုံခါးပတ်များ၏ တည်ဆောက်ထားပုံအရ ကြိုးကို ညင်သာစွာဆွဲထုတ်လျှင် ခါးပတ်ကြိုးက လွယ်ကူပေါ့ပါးစွာ လိုက်ပါလာမည်ဖြစ်သော်လည်း အကယ်၍ အားသုံးပြီးဆောင့်ဆွဲလိုက်မည်ဆိုပါကမူ ခါးပတ်ကြိုးက လိုက်ပါမလာတော့ဘဲ တင်းခံနေလိမ့်မည်ဖြစ်သည်။ ထိုင်ခုံခါးပတ်အိမ်အတွင်း၌ နာရီသံပတ်ပုံစံ ခရုခွေစပရိန်ဖြင့် ပူးတွဲတပ်ဆင်ထားသော ခါးပတ်ကြိုးရစ်ဘီးသည် သာမန်အချိန်တွင် ခါးပတ်ကြိုးကို ဖြေလျှော့ပေးခြင်းနှင့် အလိုအလျောက် ပြန်လည်ရစ်သိမ်းခြင်းများကို လုပ်ဆောင်ပေးမည်ဖြစ်သည်။

သို့ရာတွင် ကြိုးကိုဆောင့်ဆွဲလိုက်သည့်အခါ တစ်နည်းဆိုရသော် အရှိန်ဖြင့်မောင်းနှင်နေစဉ် တစ်စုံတစ်ခုကို ရုတ်တရက်တိုက်မိသည့်အခါ သို့တည်းမဟုတ် ရုတ်တရက် ဘရိတ်ဖမ်းလိုက်သည့်အခါ ခါးပတ်ကြိုးရစ်ဘီး၏ ပင်နယံခွေးသွားစိပ်များကို ထူထဲသောသံပြားဖြင့် ကန့်လန့်ခံပေးလိုက်ကာ ခါးပတ်ကြိုးတင်းသွားအောင် လုပ်ဆောင်ပေးလိမ့်မည်ဖြစ်သည်။

ထိုကဲ့သို့ လုပ်ဆောင်ပေးနိုင်ရန်အတွက် ခါးပတ်ကြိုးရစ်ဘီး၏အောက်တွင် သံမဏိတုံးတစ်ခုကို နာရီချိန်သီးကဲ့သို့ ချိတ်ဆွဲထားပြီး ယင်းသံမဏိတုံး၏အပေါ်ထိပ်တွင် ရစ်ဘီးခွေးသွားစိပ်များကို ကန့်လန့်ခံပေးမည့် ထူထဲသောသံပြားကို ချိတ်ဆက်တပ်ဆင်ပေးထားသည်။ သို့ဖြစ်၍ မော်တော်ကားကို ပုံမှန်မောင်းနှင်နေစဉ်၌ သံမဏိတုံးချိန်သီးက အလိုက်သင့် တည်ငြိမ်နေမည်ဖြစ်သလို ယင်းနှင့်ချိတ်ဆက်တပ်ဆင်ထားသော သံပြား၏အနေအထားကိုလည်း ရစ်ဘီးပင်နယံများနှင့်လွတ်ကင်းအောင် ချိန်ဆပေးနေလိမ့်မည်ဖြစ်သည်။

မောင်းနှင်နေရင်း ရုတ်တရက် တစ်စုံတစ်ခုကိုတိုက်မိသည့်အခါ သို့တည်းမဟုတ် ရုတ်တရက် ဘရိတ်ဖမ်းလိုက်သည့်အခါ သို့တည်းမဟုတ် ခါးပတ်ကြိုးကို ဆောင့်ဆွဲလိုက်သည့်အခါမျိုးများ၌ သံမဏိချိန်သီးက ဟန်ချက်ပျက်ကာ လှုပ်ယမ်းသွားရင်း တစ်ချိန်တည်းမှာပင် ယင်းနှင့်ချိတ်ဆက်ထားသော သံပြား၏တည်နေရာကိုလည်း ရွေ့သွားစေကာ ရစ်ဘီး၏ခွေးသွားစိပ်များကို ကန့်လန့်ခံပေးလိုက်ခြင်းဖြင့် ခါးပတ်ကြိုးကို တင်းသွားစေလိမ့်မည်ဖြစ်သည်။ ဤနည်းအားဖြင့် ယာဉ်တိုက်မှုဖြစ်ပွားသည့်အခါမျိုးတွင် ထိုင်နေသူနှင့်ထိုင်ခုံတို့ကို မြဲမြံတင်းကျပ်စွာ ထိန်းချုပ်ပေးထားပြီး ထိခိုက်မှုအန္တရာယ်နှင့် အသက်အန္တရာယ်တို့မှ ကာကွယ်ပေးလိမ့်မည်ဖြစ်သည်။

မော်တော်ကားတွင်တပ်ဆင်ထားသော သက်စောင့်ထိုင်ခုံခါးပတ်များ၏ စွမ်းဆောင်ရည်ကို အပြည့်အဝ ရယူခံစားနိုင်ရန်အတွက် အောက်ပါအချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လိုအပ်သည်။

(၁) ကားမောင်းသည့်အခါတိုင်းနှင့် လိုက်ပါစီးနင်းသည့်အခါတိုင်း ထိုင်ခုံခါးပတ်ကို အမြဲပတ်ထားပါ။

(၂) မိမိကား၏ထိုင်ခုံခါးပတ်သည် လုပ်ဆောင်ချက်အားလုံးကို အပြည့်အဝ လုပ်ဆောင်နိုင်စွမ်းရှိသည့်ခါးပတ် ဟုတ် မဟုတ်ကို ကြိုတင်စစ်ဆေးပါ။

(၃) ခါးပတ်သိုင်းကြိုးကို ပခုံးပေါ်မှကျော်ပြီး တင်းကျပ်စွာ ပတ်ထားရမည်ဖြစ်သည်။ ချိုင်းအောက်ကလျှိုပြီး သိုင်းထားခြင်းမျိုးနှင့် လျော့ရဲစွာသိုင်းထားခြင်းမျိုးတို့အတွက် ထိုင်ခုံခါးပတ်က အန္တရာယ်ကို ကာကွယ်ပေးနိုင်မည်မဟုတ်ပေ။

(၄) ထိုင်ခုံသည် ကား၏ကြမ်းခင်းတွင် မြဲမြံတင်းကျပ်စွာရှိနေရန် လိုအပ်သည်။ ထိုင်ခုံထိန်းဇာဝီနှင့် မူလီများ မစုံလင်ခြင်းနှင့် လျော့နေခြင်းများက အန္တရာယ်ရှိနိုင်သည်ကို သတိပြုပါ။


(၅) ထိုင်ခုံကို ရှေ့နောက် လိုသလိုရွေ့လျားနိုင်အောင် တပ်ဆင်ပေးထားသော လျှောသွားမြောင်းများနှင့် အလိုရှိသည့်နေရာတွင် တည်ငြိမ်နေအောင် ထိန်းချုပ်ပေးသည့် Locking Device များ အားလုံးသည် ရာနှုန်းပြည့် ကောင်းမွန်နေရန် လိုအပ်သည့်အတွက် အမြဲဂရုပြုစစ်ဆေးပါ။

၁၉၅၈ ခုနှစ်မှစ၍ တပ်ဆင်အသုံးပြုခဲ့ကြသော မော်တော်ကား သက်စောင့်ထိုင်ခုံခါးပတ်များသည် ကမ္ဘာအရပ်ရပ်တွင်ဖြစ်ပွားခဲ့သည့် သန်းနှင့်ချီသောယာဉ်တိုက်မှုနှင့် တိမ်းမှောက်မှုများတွင် သန်းပေါင်းရာနှင့်ချီသော လူ့အသက်များကို ကာကွယ်ပေးနိုင်ခဲ့ကြသည်။ အသက်ကယ်လေအိတ်တပ်ဆင်ထားသည့် မော်တော်ကားများပင်ဖြစ်စေကာမူ ယာဉ်တိုက်မှုကြောင့် လေအိတ်ပွင့်လာချိန်၌ ခါးပတ်ပတ်ထားခြင်းမရှိပါက ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိမှုမျိုးနှင့် ကြုံတွေ့ကြရဖွယ်ရှိနေသည့်အတွက် မော်တော်ကား၌ အသင့်တပ်ဆင်ပေးထားသည့် သက်စောင့်ထိုင်ခုံခါးပတ်များကို မမေ့မလျော့ ပတ်ထားကြခြင်းအားဖြင့် အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်ထားကြရမည်ဖြစ်သည်။

**အသက်ကယ် လေအိတ်**

မော်တော်ကားတစ်စီးအတွက် ထိုင်ခုံခါးပတ်ကဲ့သို့ပင် ထိခိုက်မှုအန္တရာယ်နှင့် အသက်အန္တရာယ်ကို ကာကွယ်ပေးသော အသက်ကယ်လေအိတ်ကလည်း အလွန်အရေးကြီးသော အထောက်အကူပြုပစ္စည်းတစ်မျိုးဖြစ်သည်။ ၁၉၈၅ ခုနှစ်နောက်ပိုင်းမှစ၍ ဥရောပနိုင်ငံထုတ် မော်တော်ကားများ၌ အရေးပေါ် အသက်ကယ်လေအိတ်များကို ထည့်သွင်းတပ်ဆင် ထုတ်လုပ်ပေးခဲ့ကြသလို ဂျပန်နိုင်ငံထုတ်ကားများကိုလည်း ၁၉၉၀ ပြည့်နှစ် ဝန်းကျင်အရောက်တွင် လေအိတ်များ ထည့်သွင်းတပ်ဆင်ထုတ်လုပ်လာကြသည်။

လေအိတ်ကို ထည့်သွင်းတပ်ဆင်ထုတ်လုပ်သည့်နည်းပညာ မပေါ်မီက မော်တော်ကား၌တပ်ဆင်ခဲ့သော ထိုင်ခုံခါးပတ်များသည် ယာဉ်တိုက်မှုနှင့် တိမ်းမှောက်မှုများဖြစ်ပွားသည့်အခါ ယာဉ်ပေါ်မှ လွင့်စဉ်ထွက်ကျသွားခြင်းမရှိအောင် ကာကွယ်ပေးနိုင်ခဲ့သည်။ ယာဉ်ပြင်ပသို့ လွင့်စဉ်ထွက်ကျသွားသူများ၏ ၇၇ ရာခိုင်နှုန်းမှာ အသက်ဆုံးရှုံးနိုင်ခြေရှိသည့်အတွက် ထိုင်ခုံခါးပတ်ပတ်ထားသူများအဖို့ ထိုဖြစ်ရပ်မျိုးမှ ရှောင်လွှဲနိုင်ခဲ့ကြသော်လည်း စတီယာရင်၊ လေကာမှန်စသည်တို့ကို ဆောင့်မိသဖြင့် ပြင်းထန်စွာဒဏ်ရာရခြင်းများ ဖြစ်ပွားကြရလေ့ရှိသည်။



ထိုဖြစ်ရပ်မျိုးမှ ရှောင်လွှဲနိုင်ရန်အလို့ငှာ ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် အသက်ကယ်လေအိတ်ဖြင့် ခုခံကာကွယ်ပေးထားသော နည်းပညာတစ်ရပ်ကို သိပ္ပံသုတေသီတို့က ရှာဖွေဖော်ထုတ်ခဲ့ကြသည်။ နည်းပညာသစ်ဖြစ်သော အသက်ကယ်လေအိတ်များကို နည်းပညာဟောင်းဖြစ်သည့် သက်စောင့် ထိုင်ခုံခါးပတ်များနှင့်ပူးတွဲကာ မော်တော်ကားများ၌ တပ်ဆင်ပေးနိုင်ခဲ့ပြီးချိန်မှစ၍ ကမ္ဘာတစ်လွှားဖြစ်ပွားခဲ့သည့် ပြင်းထန်သောယာဉ်တိုက်မှုများနှင့် တိမ်းမှောက်မှုဖြစ်စဉ်များတွင် အသက်ဆုံးရှုံးရမှုနှုန်းနှင့် ဆိုးဆိုးရွားရွားဒဏ်ရာရရှိမှုနှုန်းတို့ သိသာစွာ ကျဆင်းလာခဲ့သည်။

အသက်ကယ်လေအိတ်များကို မော်တော်ကားများတွင် တပ်ဆင်ရာ၌ မော်တော်ကား၏ အတန်းအစားနှင့် ဈေးနှုန်းအပေါ်မူတည်ပြီး အမျိုးမျိုး ကွဲပြားခြားနားကြသည်။ အတန်းအစားနိမ့်ပြီး ဈေးနှုန်းချိုသာသော မော်တော်ကားများ၌ အသက်ကယ်လေအိတ်ကို သာမန်အားဖြင့် တစ်ခုတည်းသာ တပ်ဆင်ပေးထားပြီး အလယ်အလတ်အဆင့်ရှိ မော်တော်ကားများ၌မူ လေအိတ်နှစ်ခုမှ လေးခုအထိ တပ်ဆင်ပေးထားလေ့ရှိကြသည်။

အတန်းအစားမြင့်ပြီး တန်ဖိုးအလွန်ကြီးသော ဇိမ်ခံမော်တော်ကားများ၌မူ အသက်ကယ်လေအိတ်ကို ၂၄ ခုအထိ ထည့်သွင်းတပ်ဆင် ထုတ်လုပ်ပေးထားကြသည်။ သို့ရာတွင် အဆိုပါမော်တော်ကားအားလုံးတို့၌ တူညီသည့်အချက်တစ်ခုမှာ ယာဉ်မောင်းသူ၏အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ရန်အတွက် အသက်ကယ်လေအိတ်ကို စတီယာရင်ခွေ၏အလယ်၌ တပ်ဆင်ပေးထားခြင်းပင်ဖြစ်သည်။

အသက်ကယ်လေအိတ်၏အလုပ်လုပ်ပုံ အခြေခံသဘောတရားမှာ မောင်းနှင်နေရင်း မာကျောသည့်မျက်နှာပြင်တစ်ခုခုကို မော်တော်ကားက ဝင်တိုက်မိသဖြင့် ချက်ချင်းဆိုသလို အရှိန်လျော့ကျသွားခဲ့ပါက ယင်းကဲ့သို့သော ပုံမှန်မဟုတ်သည့် ရုတ်ခြည်းအရှိန်တန့်သွားခြင်းကို ခံစားသိရှိနိုင်သော အာရုံခံကိရိယာက လေအိတ်ကို လေဖြည့်သွင်းပေးမည့် ကိရိယာကို အလုပ်လုပ်စေခြင်းဖြင့် လေအိတ်ပွင့်ထွက် ဖောင်းကားလာခြင်းပင်ဖြစ်သည်

အသက်ကယ်လေအိတ်ကို ပါးလွှာသည့်နိုင်လွန်ဖြင့်ပြုလုပ်ကာ လေအိတ် Cover ၏ အောက်၌ အထပ်ထပ်ခေါက်၍ ထည့်သွင်းတပ်ဆင်ပေးထားသည်။ ကာလကြာရှည်စွာခေါက်ထားခြင်းကြောင့် လေအိတ်အသားချင်း ပူးကပ်မသွားစေရန်နှင့် ပွန်းပဲ့ခြင်းများမဖြစ်စေရန်အတွက် အလွန်နူးညံ့သော လေအိတ်ပေါင်ဒါမှုန့်များကို ထည့်သွင်းအသုံးပြုထားသည်။

အသက်ကယ်လေအိတ်၏အလုပ်လုပ်ပုံ အခြေခံသဘောတရားမှာ မောင်းနှင်နေရင်း မာကျောသည့်မျက်နှာပြင်တစ်ခုခုကို မော်တော်ကားက ဝင်တိုက်မိသဖြင့် ချက်ချင်းဆိုသလို အရှိန်လျော့ကျသွားခဲ့ပါက ယင်းကဲ့သို့သော ပုံမှန်မဟုတ်သည့် ရုတ်ခြည်းအရှိန်တန့်သွားခြင်းကို ခံစားသိရှိနိုင်သော အာရုံခံကိရိယာက လေအိတ်ကို လေဖြည့်သွင်းပေးမည့် ကိရိယာကို အလုပ်လုပ်စေခြင်းဖြင့် လေအိတ်ပွင့်ထွက် ဖောင်းကားလာခြင်းပင်ဖြစ်သည်။

လေဖြည့်သွင်းပေးမည့်ကိရိယာထဲတွင် ကြိုတင်ထည့်သွင်းထားသော ဆိုဒီယမ်အဇိုက် (Sodium Azide)နှင့် ပိုတက်ဆီယမ်နိုက်ထရိတ်(Potassiun Nitrate) တို့သည် ထိခိုက်မှုအာရုံခံကိရိယာက သတင်းပို့လိုက်ချိန်တွင် ချက်ချင်းဓာတ်ပြုပြီး နိုက်ထရိုဂျင်ဓာတ်ငွေ့များကို ထွက်ပေါ်လာစေသည်။ ထိုနိုက်ထရိုဂျင်ဓာတ်ငွေ့များသည် လေအိတ်အတွင်းသို့ အလွန်ပြင်းထန်သောအရှိန်ဖြင့် တိုးဝင်ရောက်ရှိသွားကာ အသက်ကယ်လေအိတ်ကို တစ်နာရီလျှင် ကီလိုမီတာ ၃၂၀ နှုန်းဖြင့် ဖောင်းကားလာစေပြီး ထိခိုက်မှုအန္တရာယ်မဖြစ်စေရန် ချက်ချင်းဆိုသလို ခုခံကာကွယ်ပေးထားလိုက်သည်။

ဤနေရာတွင် သတိပြုရန်မှာ အသက်ကယ်လေအိတ်သည် အံ့သြဖွယ်ကောင်းလောက်အောင် အလွန်လျင်မြန်စွာ ဖောင်းကားလာမည်ဖြစ်သည့်အတွက် ထိုအခြေအနေတွင် ထိုင်ခုံခါးပတ်ကို ပတ်မထားခဲ့ပါက ရှေ့သို့ငိုက်သွားပြီး အရှိန်ပြင်းစွာ ပွင့်ထွက်ဖောင်းကားလာသည့်လေအိတ်နှင့် ထိတွေ့ကာ အန္တရာယ်ရှိနိုင်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။


နောက်ထပ် သတိပြုသင့်သောအချက်မှာ ယာဉ်တိုက်မှုဖြစ်တိုင်း လေအိတ်များ ပွင့်ထွက်ဖောင်းကားလာမည်ဟု တရားသေမှတ်ယူ၍ မရခြင်းပင်ဖြစ်သည်။ လေအိတ်ကိုပွင့်လာအောင် လုပ်ဆောင်ပေးမည့် အာရုံခံကိရိယာများသည် ပြင်းထန်သောအားဖြင့် ဆောင့်မိတိုက်မိခြင်းမျိုး ဖြစ်ပေါ်မှသာ အလုပ်လုပ်ဆောင်ပေးလိမ့်မည်ဖြစ်ပြီး အရှိန်နည်းနည်းဖြင့်သာတိုက်မိခြင်း၊ တိုက်ခါနီးတွင် အချိန်မီဘရိတ်ဖမ်းလိုက်ခြင်းကြောင့် အရှိန်လျော့ကျကာ တိုက်မိသည့်အားက ပြင်းထန်မှုမရှိတော့ခြင်း၊ ဘေးတစ်စောင်း ပွတ်တိုက်မိခြင်း၊ ကားရှေ့ဝဲယာ သို့တည်းမဟုတ် ကားနောက်ဝဲယာ ထောင့်စွန်းနှစ်ဖက်ဖြင့် တိုက်မိခြင်းနှင့် ထိုနေရာများကို အတိုက်ခံရခြင်းစသည့် အခြေအနေမျိုးများတွင် အာရုံခံကိရိယာများက လေအိတ်ကို ပွင့်ထွက်လာအောင် လုပ်ဆောင်ပေးကြမည်မဟုတ်ပေ။

ထို့ကြောင့်ပင်လျှင် ယာဉ်တိုက်မှုဖြစ်ပေါ်ပါက အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်သည့် အဆင့်မြင့်နည်းပညာတစ်ရပ်ဖြစ်သော အသက်ကယ်လေအိတ်၏ စွမ်းဆောင်ရည်ကို အပြည့်အဝ ရယူခံစားနိုင်ရန်အတွက်ဖြစ်စေ၊ တိုက်မိသည့်အားက မပြင်းထန်သောကြောင့် လေအိတ်ပွင့်ထွက်မလာသည့် အခြေအနေမျိုးတွင် ထိခိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက်ဖြစ်စေ ထိုင်ခုံများတွင်တပ်ဆင်ပေးထားသည့် ခါးပတ်များကို မလွဲမသွေ ပတ်ထားကြရမည်သာဖြစ်သည်။

**လေကာမှန်နှင့် တံခါးမှန်များ**

လေကာမှန်(Windshield Glass)များသည် မော်တော်ကားတပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယာဉ်မောင်းသူနှင့် လိုက်ပါစီးနင်းသူ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လေကာမှန်များက အဓိကကျသောအခန်းကဏ္ဍမှနေ၍ အကာအကွယ်ပြုပေးလျက် ရှိသည်။

မော်တော်ကားကို မောင်းနှင်အသုံးပြုနေရင်း ရှေ့တူရူမှတိုးဝင်လာသော လေထု၏တွန်းအားကို အကာအကွယ်ပြုပေးရုံမျှမက လေထဲတွင် ရောနှောလွင့်ပျံလာသည့် အမှုန်အမွှားများ၊ အရာဝတ္ထု အပိုင်းအစငယ်များ၊ မိုးရေများ၊ ရေမှုန်ရေမွှားများ စသည်တို့နှင့် ထိတွေ့ရခြင်းမရှိအောင် ကာရံပေးထားသော လေကာမှန်များသည် မော်တော်ကားခေတ်ဦးကာလကတည်းကပင် ကားထုတ်လုပ်မှုလုပ်ငန်းကို အထောက်အကူပြု ပေးခဲ့သည်။



မော်တော်ကားထုတ်လုပ်မှု ခေတ်ဦးကာလများက မော်တော်ကားသုံးလေကာမှန်များသည် ပြင်ညီမှန်ပြားများသာဖြစ်ခဲ့သည်။ ထိုမှတစ်ဖန် ဝဲယာနှစ်ဖက်၌ ထောင့်ချိုးများ ဖန်တီးပြုလုပ်ထားသည့် လေကာမှန်များ ဖြစ်လာခဲ့ပြီး နောက်ပိုင်း၌မူ မှန်ခုံးများဖြစ်လာခဲ့သည်။ လေကာမှန်ခုံးများသည် မော်တော်ကားကို အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်ရာ၌လည်းကောင်း၊ မိုးရွာနေစဉ် မောင်းနှင်ရာ၌လည်းကောင်း၊ ဆီးနှင်းများကျဆင်းနေချိန် မောင်းနှင်ရာ၌လည်းကောင်း၊ သဘာဝအလင်းရောင်ကင်းမဲ့သည့် ညအချိန် မောင်းနှင်ရာ၌လည်းကောင်း ရှေ့မြင်ကွင်းကိုကြည့်ရှုရာ၌ မှန်ပြားများထက်ပို၍ ကြည်လင်ပြတ်သားပြီး မျက်စိ၏ အာရုံစူးစိုက်ရမှုကိုလည်း လျော့ပါးသက်သာစေသည်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

# မဟာဓာတ်အားလိုင်းပြင်ပ ဆိုလာမီးလင်းရေးစနစ်ဖြင့် ကျေးရွာများမီးရရှိရေးဆောင်ရွက်

**ရေစကြို ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ အိမ်ခြေ ၂၆၀ ကျော်နှင့် မြိုင်မြို့နယ်အတွင်းရှိ အိမ်ခြေ ၁၀၂ အိမ်တို့တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(NEP)၏ မဟာဓာတ်အားလိုင်းပြင်ပ အသေးစားဓာတ်အားပေးရေးစနစ် (Mini-Grid) ဆိုလာမီးလင်းရေးဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကမ္ဘာ့ဘဏ်၊ GIZ၊ လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မဟာဓာတ်အားလိုင်းပြင်ပ ကျေးရွာများတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအရ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုအနေဖြင့် ရေစကြိုမြို့နယ်ထန်းပင်ချောင်း-ရွာသာအေးကျေးရွာနှင့် သရက်ပင်ကန်ကျေးရွာရှိ အိမ်ခြေ ၂၆၀ ကျော်ကို ကြိုတင်ငွေပေးချေသည့်ကတ်စနစ်သုံး Smart Meter ဖြင့် မီးပေးခြင်းကို Pro Engineering ကုမ္ပဏီက ဆောင်ရွက်လျက်ရှိပြီး တစ်အိမ်လျှင် လက်မ ၂၀ TV၊ ရေခဲသေတ္တာနှင့် အိမ်မီးများ သုံးစွဲနိုင်ကာ အများဆုံး ဝပ် ၁၀၀၀ အထိ အသုံးပြုနိုင်ကြောင်း၊ အသုံးပြုခအနေဖြင့် တစ်ယူနစ်လျှင် ငွေကျပ် ၅၀၀ နှုန်း ကောက်ခံလျက် ရှိကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် လမ်းမီးနှင့် ဘာသာရေးအဆောက်အအုံများအတွက် အခမဲ့အသုံးပြုခွင့်ပေးထားပြီး အသေးစား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း အဆိုပါ Smart Meter စနစ်ကို ဝပ် ၂၀၀၀ ကျော်အထိ ထပ်တိုးဆောင်ရွက်သွားနိုင်မည်ဖြစ်ကာ နောင်တစ်ချိန် မဟာဓာတ်အားလိုင်းစနစ် ရောက်ရှိလာပါက လက်ရှိသုံးစွဲနေသည့် ဓာတ်အားလိုင်းပေါ်သို့ ပို့လွှတ်သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ အဆိုပါမီးလင်းရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ၆၀ ရာခိုင်နှုန်း၊ လုပ်ငန်းရှင်မှ ၂၀ ရာခိုင်နှုန်းနှင့် ပြည်သူမှ ၂၀ ရာခိုင်နှုန်း ထည့်ဝင်ဆောင်ရွက်ရသဖြင့် တစ်အိမ်လျှင်ပျမ်းမျှ ငွေကျပ် နှစ်သိန်းခန့် ထည့်ဝင်ရကြောင်းသိရသည်။

ယခုလက်ရှိတွင် NEP စီမံချက်ဖြင့် မီးလင်းရေးလုပ်ငန်းများကို တစ်အိမ်သုံးဆိုလာစနစ်ဖြင့်လည်းကောင်း၊ အသေးစား ဆိုလာမီးပေးစနစ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကာ မီးရရှိသောကျေးရွာများတွင် အိမ်သွယ်ရေတိုင်ဖြင့် ရေရယူသုံးစွဲခြင်းများကို ဆောင်ရွက်လာနိုင်ပြီး ရေနှင့် လျှပ်စစ်မီးများ ရရှိလာသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးအခြေအနေများလည်း အထိုက်အလျောက် တိုးတက်လာနေပြီဖြစ်ကြောင်း သိရသည်။



အသေးစား ဆိုလာမီးပေးစနစ်အတွက် တပ်ဆင်ထားသော ဆိုလာပြားများ

ကမ္ဘာ့ဘဏ်၏ကူညီမှုဖြင့် အစိုးရက ဆောင်ရွက်လျက်ရှိသည့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်(NEP)၏ တစ်စိတ်တစ်ပိုင်းအဖြစ် မဟာဓာတ်အားလိုင်းပြင်ပ နည်းလမ်းအသုံးပြုပြီး ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ အဆိုပါစီမံချက်၏ အဓိကရည်မှန်းချက်မှာ ၂၀၃၀ မတိုင်မီ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိစေရန်ဖြစ်သည့်အတွက် မဟာဓာတ်အားလိုင်းရောက်ရှိရန် နှစ်အတန်ကြာ စောင့်ရဖွယ်ရှိသည့် ကျေးလက်ဒေသအချို့တွင် အသေးစားကွန်ရက်များဖြင့် ခေတ်မီ ဆိုလာစနစ်များမှတစ်ဆင့် လျှပ်စစ်ဓာတ်အားရရှိရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

ကနဦးအဆင့်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ခုနစ်ခုတို့တွင် တစ်အိမ်သုံးဆိုလာစနစ်နှင့် အသေးစားလျှပ်စစ်ဓာတ်အားစနစ်များဖြင့် မီးလင်းရေးကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကမ္ဘာ့ဘဏ်၊ GIZ (နည်းပညာ)တို့ ပူးပေါင်း၍ ဆောင်ရွက်နေပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၁၀ ရွာ၌ အသေးစားလျှပ်စစ်ဓာတ်အားပေး စီမံကိန်းငါးခုကို ကုမ္ပဏီငါးခုနှင့် ကျေးရွာမီးလင်းရေးကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိကာ ဇူလိုင်လအထိ အိမ်သုံးဆိုလာစနစ်ပေါင်း ၁၂၀ နှင့် အများပြည်သူသုံး ဆိုလာစနစ် ၁၂ ခုကို တပ်ဆင်ပြီးသွားပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံတော်အနေဖြင့် ကမ္ဘာ့ဘဏ်၊ GIZ၊ JICA အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ နည်းပညာနှင့် ငွေကြေးအကူအညီများဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP) စီမံကိန်းဖြင့် ၂၀၃၀ မတိုင်မီ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အား ရရှိစေရေး မျှော်မှန်းထားသည်။ မြန်မာနိုင်ငံရှိ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် အစရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတို့တွင် တင်ဒါအောင်မြင်သည့် ပြည်တွင်း/ပြည်ပ ဆိုလာမီးလင်းရေးကုမ္ပဏီများအနေဖြင့် အိမ်သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ကျေးရွာပေါင်း ၂၀၀၀ ကျော်ရှိ အိမ်ထောင်စုပေါင်း ၁၄၀၀၀၀ ခန့်တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ စာသင်ကျောင်း အပါအဝင် အများပြည်သူနှင့်သက်ဆိုင်သော နေရာပေါင်း ၅၅၀၀ တွင်လည်း လျှပ်စစ်ဓာတ်အား ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- သီဟစည်သူ**

# ပြည်သူများပူးပေါင်းပါဝင်လာမှုကြောင့် မူးယစ်ဆေးဝါးနှင့် မှုခင်းများ ဆက်တိုက်ဖော်ထုတ်နိုင်

**ဘားအံ ဇူလိုင် ၁၉**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ကရင်ပြည်နယ်အတွင်း ရဲစခန်းနှင့် ရဲကင်းများ၏ အပိုင်နယ်မြေအလိုက် ရှာဖွေစစ်ဆေးခြင်းများနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိရာ သဃ်န်းညီနောင်နယ်မြေတွင် ပြည်သူများ ပူးပေါင်းပါဝင်လာမှုကြောင့် မှုခင်းများ ပိုမိုဖော်ထုတ်နိုင်ကြောင်း သိရသည်။

သဃ်န်းညီနောင်နယ်မြေရဲစခန်းမှူး ဦးစီးသော နယ်ထိန်းများ၊ ရာအိမ်မှူးနှင့် ရပ်မိရပ်ဖများ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် ညပိုင်းက ကော့ကရိတ်ဘက်မှ မြဝတီဘက်သို့ဖြတ်သန်းသွားလာသည့် ယာဉ်နှင့်ဆိုင်ကယ်များကို ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြား သယ်ဆောင်လာသူတစ်ဦးအား ဖမ်းမိခဲ့ သလို ထိုနေ့ နေ့လယ်ပိုင်းကလည်း မြဝတီမြို့နယ် ဖားချောင်းတံတားအနီးတွင် အမျိုးသမီးတစ်ဦးပါဝင်သည့် ဆိုင်ကယ်လုယက်သူနှစ်ဦးအား အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ ဇူလိုင် ၁၃ ရက်ကလည်း သဃ်န်းညီနောင်နယ်မြေစခန်းမှူးနှင့် အဖွဲ့မှ လှည့်ကင်းဆောင်ရွက်စဉ် ဆိုင်ကယ်ခိုးယူလာသူ လူငယ်တစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့်အပြင် ပြီးခဲ့သည့် ဇွန်လ ၂၇ ရက်ကလည်း လှည့်ကင်းဆောင်ရွက်စဉ် ဘဝသစ်လက္ခဏာ စိုက်ပျိုးရေးစခန်းမှ ထွက်ပြေးလာပြီး ဆိုင်ကယ်ခိုးယူလာသူနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း မှုခင်းမှတ်တမ်းများအရ သိရသည်။

ထိုသို့ ဒုစရိုက်မှုကျူးလွန်သူများအား ပိုမိုဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမှာ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများနှင့် ဒုစရိုက်မှုများ ဖော်ထုတ်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်လာခြင်းကြောင့်ဖြစ်ကြောင်း သဃ်န်းညီနောင်နယ်မြေရဲစခန်းမှူး ရဲအုပ်မြဝင်းက ပြောကြားသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# အမုန်းတရားပွားစေသည့်လုပ်ဆောင်မှုများ ကင်းရှင်းစေရေး လူငယ်ပညာပေးသင်တန်းဖွင့်

**တာချီလိတ် ဇူလိုင် ၁၉**

တာချီလိတ်မြို့နယ် ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့က ဦးစီးဖွင့်လှစ်သည့် အမုန်းတရားပွားများစေသည့်လုပ်ဆောင်မှုများ ကင်းရှင်းစေရေး လူငယ်ပညာပေးသင်တန်းဖွင့်ပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တာချီလိတ်မြို့နယ် သာသနာရေးဦးစီးဌာနမှူး ဦးဝင်းကိုကိုက အမှာစကားပြောကြားပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ နာယကအဖွဲ့ဝင် ဟာဂျီဦးလှခင်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ငွေကျပ်သိန်းငါးရာတန်ဖိုးရှိ အင်္ကျီအထည် ၁၀၀ ကို သင်တန်းသား သင်တန်းသူများကိုယ်စား ဥက္ကဋ္ဌ ဦးစိုင်းကျော်ညွန့်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် မြို့နယ်သာသနာရေးဦးစီးဌာနမှူး ဦးဝင်းကိုကိုက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ မူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာမြင့်အောင်က ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး ပညာပေးခြင်းမှသည် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်မှုဆီသို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ နာယကအဖွဲ့ဝင် ဦးလှခင်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာပြဋ္ဌာန်းချက်များ၊ ဥပဒေပါ အခွင့်အရေးများ၊ နိုင်ငံတကာအဖြစ်အပျက်များခေါင်းစဉ်ဖြင့်လည်းကောင်း သင်ကြားပို့ချခဲ့ကြသည်။

သင်တန်းဖွင့်ပွဲသို့ တာချီလိတ်မြို့မှ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တာချီလိတ်မြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များနှင့် ဘာသာဝင်များ၊ သင်တန်းသား သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက် ရောက်ခဲ့ကြပြီး သင်တန်းတွင် ဘာသာတစ်ခုချင်းစီမှ လူငယ်သင်တန်းသား ငါးဦးစီဖြင့် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကာ အဆိုပါ သင်တန်းများကို တစ်လတစ်ကြိမ် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရန်ကုန်-မန္တလေးလမ်းတစ်လျှောက် ကုန်တင်ယာဉ်များလုယက်ခံရမှု မကြာခဏဖြစ်၍ ယာဉ်မောင်းများစိုးရိမ်နေ

**ရေတာရှည် ဇူလိုင် ၁၉**

ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ညပိုင်းမောင်းနှင်သွားလာလျက်ရှိကြသည့် ကုန်တင်ယာဉ်များအား လုယက်မှုဖြစ်စဉ်များ မကြာခဏဆိုသလို ဖြစ်ပွားလာလျက်ရှိသည့်အတွက် ယာဉ်မောင်းများအနေဖြင့် စိုးရိမ်ပူပန်နေကြကာ ညအိပ်ရပ်နားသည့်အခါများတွင်လည်း အထူးသတိပြုနေကြရကြောင်း သိရသည်။



"လတ်တလောဖြစ်ပွားတာကတော့။ ဆွာတိုးဂိတ်ပဲ။ ဟိုတစ်နေ့က တိုးဂိတ်ကိုဖြတ်ဖို့စောင့်နေချိန် ခေးကိုင်ထားတဲ့သူတွေ အတင်းလုတာ ရှေ့ကကားတစ်စီးက နှစ်သိန်းရှစ်သောင်းလောက်ပါသွားတယ်။ နောက်က ကားကတော့ ဘယ်လောက်ပါသွားတယ်မသိဘူး။ လက်ကို ဓားထိသွားတယ်လို့တော့ ပြောတယ်"ဟု ဆွာမင်းလမ်းကျေးရွာနေ ကိုမြင့်သိန်းထွန်းက ပြောကြားသည်။

ဆွာနယ်မြေရဲစခန်းအနေဖြင့်လည်း ညဦးပိုင်း၊ ညဉ့်နက်ပိုင်း လှည့်ကင်းများဆောင်ရွက်လျက်ရှိနေပြီး ဆွာမြို့တွင်းနှင့် မှန်စီကျေးရွာအနီးရှိ တိုးဂိတ်၌ နံနက်လင်းအာရုံတက်သည်အထိ စောင့်ကြည့်ပေးလျက်ရှိသော်လည်း လုယက်သူများမှာ ရဲတပ်ဖွဲ့၏လုပ်ရှားမှုအပေါ် စောင့်ကြည့်ကာ ပြစ်မှုကျူးလွန်ကြခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

လက်ရှိအနေအထားအရ နယ်မြေရဲစခန်းများတွင် ရဲတပ်ဖွဲ့ဝင်အင်အား နည်းပါးသည့်အတွက် ရှိသည့် အင်အားဖြင့် ဖြန့်ခွဲဆောင်ရွက်ရသည့်အခါ အခက်အခဲများ ကြုံတွေ့နေကြရသည်ကိုလည်း တွေ့ရသည်။ မြို့ပြအတော်များများတွင် ခိုးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ရပ်ကွက်နေပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ်ရာတွေ့ရှိရပါက နီးစပ်ရာရဲစခန်းသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန်လည်း လိုအပ်လျက်ရှိသည်။


**ကိုလွင်(ဆွာ)**

# တိုင်းဒေသကြီးနှင့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တွေ့ဆုံ

**မကွေး ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီးအတွင်း ၂၅ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က မကွေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးမျိုးအောင် (ငြိမ်း)က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့၏ အသစ်ပြုပြင်ဖော်ဆောင်နေသော လုပ်ငန်းကဏ္ဍကြီး (၅)ရပ်နှင့် စစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မြို့နယ်အလိုက် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

**စစ်ကြည်(စလင်း)**



# မကွေးမြို့မှ ပြည်လုံးချမ်းသာ မဟာဆုတောင်းပြည့်ရုပ်ရှင်တော်မြတ် နှီးဘုရားကြီး

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ကပ်ကျွန်းအုပ်စု မြသလွန်ကုန်းတော် အရှေ့မြောက်ဘက် ဇေယျာသီရိကျောင်းတိုက်အတွင်း၌ ဉာဏ်တော်အမြင့် ပေ ၂၀ ရှိ ပြည်လုံးချမ်းသာ မဟာဆုတောင်းပြည့် ရုပ်ရှင်တော်မြတ် နှီးဘုရားကြီးအား သာသနာတော်နှစ် ၂၅၆၀ ပြည့်၊ ခရစ်နှစ် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက် ကြာသပတေးနေ့က ရက်လုပ်ပြီးစီး အောင်မြင်တော်မူ၍ တည်ထားကိုးကွယ်ခဲ့သည်။

အဆိုပါနှီးဘုရားကြီးအား ဇေယျာသီရိကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တက္ကန္ဒာစာရက ဦးစီး၍ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် သိန်း ၄၀၀ ကျော် အကုန်အကျခံကာ ခုနစ်ရက်သားသမီးများစုပေါင်း၍ ဗုဒ္ဓကိုယ်ပွား ပြည်လုံးချမ်းသာ မဟာဆုတောင်းပြည့် ရုပ်ရှင်တော်မြတ် နှီးဘုရားကြီးအား တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘုရားကြီးတည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ဆရာတော်က ကျေးဇူးရှင် ဆရာသမားများနှင့် မကွေးမြို့သူမြို့သားများအား ကျေးဇူးဆပ်လို၍ ဘုရားကြီးကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း မိန့်ကြားသည်။ နှီးဘုရားကြီး သတင်းသုံးနိုင်စေခြင်းငှာ ဂန္ဓကုဋိကျောင်းဆောင် တည်ဆောက်၍ မြေသန့်မင်္ဂလာကို ၂၀၁၆ မေလအတွင်းက စတင်ခဲ့ပြီး ပန္နက်တင်မင်္ဂလာကို ဇွန်လဆန်းတွင် ပြုလုပ်ခဲ့သည်။

ဉာဏ်တော်အမြင့် ပေ ၂၀ ရှိ ရုပ်ရှင်တော်မြတ် နှီးဘုရားကြီးကို ဖယောင်းဝါး ၂၇၅ လုံး၊ နွယ်ဝါး ၃၀၀ တို့ဖြင့် ရက်လုပ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဝါးခွဲခြင်း၊ နှီးဖျာခြင်း၊ ရက်လုပ်ပူဇော်ခြင်းတို့အတွက် စုစုပေါင်း အချိန် ၁၁ လခန့် ကြာမြင့်ခဲ့ကြောင်းသိရသည်။ ဘုရားကြီးရက်လုပ်ရန် လိုအပ်သော ဝါးများကို ပဲခူးတိုင်းဒေသကြီး မင်းဘုန်းရွာမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချိုးဖြူရေကန်အနီး လိမ္မော်ခြံအုပ်စု အလယ်ရွာမှလည်းကောင်း သယ်ယူခဲ့ရခြင်းဖြစ်ပြီး လိုအပ်သောနှီးများပြည့်စုံချိန်တွင် ၂၀၁၇ ခုနှစ် မတ်လတွင် အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် နှီးများဖြင့် စတင်ရက်လုပ်ပူဇော်ခဲ့သည်။ နှီးဘုရားကြီးအတွင်း တောင့်တင်းခိုင်မာစေရန် သံဖရိန်များကို ကိုယ်ထည်ပုံကြမ်းပြုလုပ်၍ ဘုရားကြီးအား နှီးများဖြင့် ရက်လုပ်ခဲ့ရာ ဇွန် ၁ ရက် ကြာသပတေးနေ့တွင် အောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရသည်။

ဘုရားကြီး အနေကဇာတင်မင်္ဂလာကို သံဃာ ၁၁၅ ပါးဖြင့် ဇူလိုင် ၅ ရက်က ကျင်းပခဲ့ပြီးဖြစ်၍ ယခုအခါတွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူး ရဟန်းရှင်လူများ လာရောက်ဖူးမြော်လျက်ရှိရာ အထူးစည်ကားလျက်ရှိသည်။ ဘုရားကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်သော ဘုရားဖူးများ အဆင်ပြေစွာ ဖူးမြော်နိုင်ရန်အတွက် အာယုဒီဃတံတားကြီးကိုလည်း စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။ ပြည်လုံးချမ်းသာ ဘုရားကြီးကို လက်ရှိအချိန်တွင် နှီးများဖြင့် ရက်လုပ်ပူဇော်ထားသော်လည်း ရေရှည်တည်တံ့စေရန်အတွက် သစ်ဆေးသုတ်၍ ရွှေသက်န်း ဆပ်ကပ်လှူဒါန်း ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မကွေးမြို့သို့ ဘုရားဖူးလာရောက်ပါက မကွေးမြို့၏ အထင်ကရဘုရားများဖြစ်သော မကွေးမြသလွန်နှင့် ကံ့ကော်တစ်ထောင်ဘုရားများကို ဖူးမြော်ပြီးပါက မကွေးမြသလွန်နှင့် တစ်ဆက်တစ်စပ်တည်း မြသလွန်ကုန်းတော်အရှေ့မြောက်ဘက် ဇေယျာသီရိကျောင်းတိုက်အတွင်း တည်ရှိနေသည့် ပြည်လုံးချမ်းသာ မဟာဆုတောင်းပြည့်ရုပ်ရှင်တော်မြတ် နှီးဘုရားကြီးကိုလည်း လာရောက်ဖူးမြော်နိုင်ကြပါကြောင်း တိုက်တွန်းနှိုးဆော် အသိပေးအပ်ပါသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

## တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးမှုသုံးမှု တစ်ရက်အတွင်း ဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်းမပေါ်နှင့် ဝိန်းကျောက်-ရန်အောင်မြေ လမ်းမပေါ်၌ ဇူလိုင် ၁၄ ရက် တစ်ရက်တည်းအတွင်း မူးယစ်ဆေးဝါး ဝယ်ယူ၊ ရောင်းချမှု သုံးမှုကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်တပ်ဖွဲ့စု တာချီလိတ်မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ ဝိန်းကျောက်ရပ်ကွက်အတွင်း အာခါဈေးလမ်းမပေါ်၌ စောင့်ဆိုင်းရှာဖွေစဉ် လမ်းလျှောက်လာသူ ဖုန်းမြတ်ကျော်(ခ)ဖုန်းလေးထံမှ အဖြူရောင်ကော်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူမှုန့် အလေးချိန်ခြောက်ဂရမ်ခန့်စီပါ နှစ်ဘူးနှင့် ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၄ ပြား၊ ဆေးထိုးအပ် နှစ်ကတ်တို့ကို ဖမ်းဆီးရမိခဲ့သည်။ ဖုန်းမြတ်ကျော်အားစစ်ဆေးချက်အရ အဆိုပါ မူးယစ်ဆေးဝါးများကို ဝမ်ကောင်းရပ်ကွက်နေ မနန်းနိုနိုကိုထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ဆက်လက်ရှာဖွေဖမ်းဆီးရာ မနန်းနိုနိုကိုအား ရန်အောင်မြေရပ်ကွက်၌ ဘိန်းဖြူမှုန့် အလေးချိန် ၂၁ ဂရမ်ခန့်နှင့်အတူ ဖမ်းမိပြီး ဆက်လက်၍ မနန်းနိုနိုကို၏နေအိမ်တွင် ဆက်လက်ရှာဖွေရာ ဘိန်းဖြူမှုန့် အလေးချိန် ၂၁ ဂရမ်ခန့်ပါ ပုလင်းသုံးပုလင်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ကိုးပြားတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ ဖုန်းမြတ်ကျော်နှင့် မနန်းနိုနိုကိုတို့အား တာချီလိတ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

အလားတူ ထိုနေ့ညနေပိုင်းကလည်း တာချီလိတ်မြို့ပါလျံ(၂)ရပ်ကွက်၌ ရဲတပ်ဖွဲ့ဝင်များက မသင်္ကာသူ ကျော်ရဲလင်း(ခ)ကတုံးအား စစ်ဆေးရှာဖွေရာ စီးကရက်ဘူးခွံဖြင့်ထည့်လျက် WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွ ဆေးပြား ၁၈၆ ပြားနှင့်အတူ ထပ်မံဖမ်းမိခဲ့၍ ၎င်းအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မန္တလေးတိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၀၀ ကျော်ရှိနေ

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေမှာ လက်ရှိတွင် ၅၅၈ ဦးရှိပြီး မန္တလေးခရိုင်အတွင်းမှ မြို့နယ် ခုနစ်ခုတွင် ဖြစ်ပွားမှုနှုန်းအများဆုံးဖြစ်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် မန္တလေးခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေမှာ ၄၀၈ ဦးရှိပြီး မြင်းခြံခရိုင်တွင် ၅၀၊ ပြင်ဦးလွင်ခရိုင်တွင် ၄၄ ဦး၊ ညောင်ဦးခရိုင်တွင် ၂၀၊ ကျောက်ဆည်ခရိုင်တွင် ၁၆ ဦး၊ ရမည်းသင်းခရိုင်တွင် ၁၅ ဦးနှင့် မိတ္ထီလာခရိုင်တွင် ငါးဦး ဖြစ်ပွားနေကြောင်း ယင်းဌာန၏ မှတ်တမ်းများအရသိရသည်။ မန္တလေးတိုင်းဒေသကြီး၌ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၄၀၁ ဦး ရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကြောင်းလည်း ဌာနမှ မှတ်တမ်းများအရ သိရသည်။

"ကျွန်မတို့ဌာနအနေနဲ့ မနှစ်ကပြုစုထားတဲ့ စာရင်းတွေ အရလည်း မန္တလေးခရိုင်က အဖြစ်အများဆုံးဖြစ်နေတယ်။ ဒါကြောင့် မန္တလေးမြို့ပေါ်ကိုဦးစားပေး လုပ်ဆောင်နေပါတယ်။ သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတွေက အဖြစ်အများဆုံးနေရာတွေကို ရွေးပြီးတော့ အဖွဲ့သုံးဖွဲ့နဲ့ ကြိုတင်ကာကွယ်နိုင်ဖို့ မေလကစပြီး အဘိတ်ဆေးခတ်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ယခုအချိန်အထိ သေဆုံးသူတော့ မရှိသေးပါဘူး"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရောဂါနှိမ်နင်းရေး)မှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသင်းသင်းနွယ်က ပြောသည်။



သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်နေစဉ်

အဆိုပါဌာနအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်း၊ Fogging ဆေးမှုတ်ခြင်း၊ Case Base Management ပြုလုပ်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း လုပ်ငန်းများကို မေလမှ စတင်လုပ်ဆောင်ခဲ့သည့်အပြင် ယခု ဇူလိုင်လအတွင်း၌လည်း မြို့နယ် ၂၈ မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခေါင်းဆောင်များအား သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများကို သင်တန်းပို့ချပေးခဲ့ပြီး ၎င်းတို့မှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများတွင် သင်တန်းများ ပြန်လည်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရောဂါနှိမ်နင်းရေးဌာန)အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းအသီးသီးသို့ နေ့စဉ်သွားရောက်၍ ကျောင်းကျန်းမာရေး အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး ပညာပေးမှုများ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် ရပ်ကွက်၊ ကျေးရွာများတွင် မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ NGO အဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူများအား အသိပညာပေးဟောပြောပွဲများကို လစဉ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ တတိယပတ်အတွင်းကလည်း အနောက်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့တွင် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုနှုန်းမှာ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ၁၃၇ မှုရှိပြီး ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ဇန်နဝါရီလမှ ဇွန်လအတွင်း ဖြစ်ပွားမှုနှုန်းမှာ ၁၀၂ မှု ရှိခဲ့၍ ယခုနှစ်တွင် ယခင်နှစ်ထက်တိုးမြင့်ဖြစ်ပွားလာသောကြောင့် အသိပညာပေးဟောပြောခြင်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ခရိုင်လေးခုတွင် NGO အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင်လည်း မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးများ ပူးပေါင်း၍ ရပ်ကွက်၊ ကျေးရွာများ၌ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဇူလိုင်လ တတိယပတ်အတွင်း ပြည်သူများကြားတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ဘားအံမြို့တွင် အမျိုးသမီးဖိုရမ်ကျင်းပ

**ဘားအံ ဇူလိုင် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့ သီရိဘားအံဟိုတယ်၌ အမျိုးသမီးဖိုရမ်ကို ကရင်ပြည်နယ် အမျိုးသမီးအဖွဲ့များကွန်ရက်က ဦးစီး၍ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဖိုရမ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်အစိုးရရုံး ညွှန်ကြားရေးမှူး ဦးသော်တာငြိမ်းက အမှာစကားပြောကြားပြီး ဒေါ်မာမာချိုက အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းကိစ္စများနှင့်ပတ်သက်၍လည်းကောင်း၊ ဒေါ်နော်ဘလက်ဇင်းက အမျိုးသမီးအခွင့်အရေးများနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်ခဲ့ကြသော ကျေးရွာအုပ်ချုပ်ရေးမှူး အမျိုးသမီး လေးဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး အမျိုးသားလေးဦးတို့အား အမျိုးသမီးများကွန်ရက်(ကရင်ပြည်နယ်)မှ စီမံကိန်းဒါရိုက်တာ ဒေါ်နော်ခရစ္စတီးနားက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် မဲဆမိတ်ကရင်လူငယ်အဖွဲ့နှင့် ရှမ်းလူငယ်အဖွဲ့တို့က အကအလှ၊ သီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ကရင်ပြည်နယ် တရားလွှတ်တော်ရှေ့နေ ဦးစောအောင်ထူးက အမျိုးသမီးများနှင့်ပတ်သက်သည့် ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ အမျိုးသမီးများအပေါ် ဥပဒေ၏ အကာအကွယ်ပေးမှုများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြပြီး ဖိုရမ်တက်ရောက်လာသူများက ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုလျှော့ချရေးနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပပျောက်ရေးတို့ကို အချက်အလက်များရေးသား၍ အုပ်စုလိုက် ဆွေးနွေးခဲ့ကြသည်။

**ကိုကိုထက်၊ထွန်းထွန်းထွေး (ဘားအံ)**



# ဈေးဖြတ်ဝယ်ထားသည့်ပဲများ ဈေးကျ၍ ဝယ်လှောင်သူများ အရှုံးပေါ်နေ



**မုံရွာ ဇူလိုင် ၁၉**

မုံရွာမြို့နယ် ပဲဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်နေသည့် အိတ်စ်ပို့ပဲများဖြစ်သော ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်ဈေးထက် ယခုနှစ်တွင် များစွာကျဆင်းသည့်အပြင် မုံရွာမြို့ပေါ်မှ ပဲဝယ်လှောင်သူများ ကြိုတင်ဈေးဖြတ်ဝယ်ထားသောဈေးနှုန်းထက်လည်း ကျဆင်းနေသောကြောင့် လှောင်ထားသူများအနေဖြင့် အရှုံးဖြင့်ရင်ဆိုင်နေကြရကြောင်း မုံရွာမြို့မှ အိတ်စပို့တင်ပို့နေသူ ဦးမျိုးမင်းထံမှ သိရသည်။

"အရောင်းအဝယ်က ပါးတယ်ရယ်တော့ မရှိပါဘူး။ ပုံမှန်ကတော့ ပေါက်ဈေးနဲ့ ဖြစ်နေကြတာပါပဲ။ ရောင်းနေ ဝယ်နေရပေမယ့် အရှုံးနဲ့သွားနေရတဲ့ ကာလပေါ့။ အမြတ်မပြောသေးဘူး။ အရင်းရရင်ကို ကံကောင်းတယ်လို့ ပြောရမလိုပါ။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ပဲစင်းငုံဈေးက ၂၀၀၀၀ လောက်ရှိရာက အခု ဇူလိုင် ၁၇ ရက်မှာ ၁၈၇၀၀ အထိ ကျသွားတယ်။ အိန္ဒိယက အဆွဲတော့ရှိပါတယ်။ ဒီလိုပဲ မတ်ပဲဈေးကလည်း လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ၂၈၀၀၀ ဈေးရှိရာက ဇူလိုင် ၁၇ မှာ ၂၅၇၀၀ အထိ ကျသွားတယ်။ လှောင်ထားတဲ့သူတွေပဲ အရှုံးနဲ့ရင်ဆိုင်ကြရတာပါ။ တောင်သူတွေလက်ထဲမှာတော့ မရှိတော့သလောက်ပါ။ တောင်သူတွေက ပေါ်ပေါ်ချင်း ဈေးကောင်းရတဲ့အတွက် အများစုက ထုတ်ရောင်းပြီးနေကြပါပြီ"ဟု ၎င်းက ပြောသည်။

ပဲစင်းငုံနှင့် မတ်ပဲများကို စိုက်ပျိုးသူတောင်သူများအနေဖြင့် ပဲပေါ်ပေါ်ချင်း ဈေးကွက်သို့ရောင်းချချိန်က ပဲစင်းငုံဈေးသည် ကျပ် ၂၅၀၀၀ မှ ၂၆၀၀၀ ကြားဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုလက်ရှိဈေးနှုန်းမှာ ပေါ်စအချိန်ကဈေးထက် ကျပ် ၇၀၀၀ မှ ၈၀၀၀ ခန့်အထိ ဈေးကျသွားသည်ကို တွေ့ရသည်။ ပြီးခဲ့သည့်နှစ်က ပဲစင်းငုံဈေးသည် ကျပ်ငါးသောင်းအထိ မြင့်တက်ခဲ့ဖူး၍ ယခုနှစ်ဈေးမှာ ယခင်နှစ်ထက် ထက်ဝက်ခန့်အထိ ဈေးနှုန်းကျဆင်းနေခြင်းဖြစ်သည်။ ထို့အတူ ပဲဝယ်လှောင်သူများ ကြိုတင်ဈေးဖြတ်ဝယ်ယူချိန်က ဈေးနှုန်းထက်လည်း လက်ရှိဈေးမှာ ကျပ် ၇၀၀၀ ခန့် လျော့ကျ လျက်ရှိ၍ ဝယ်လှောင်သူများ အရှုံးပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပဲဈေးကွက်မှ ပညာရှင်များ၏ စုပေါင်းသုံးသပ်ချက်အရ ပဲလှောင်ထားသူများအနေဖြင့် လက်ရှိအချိန်တွင်ထုတ်ရောင်းပါက အရင်းရရန်ခက်ခဲနေခြင်းနှင့် ဩဂုတ်လတွင် ပြည်ပနိုင်ငံများဖြစ်သော တန်ဇန်းနီးယား၊ မော်လဝီနှင့် မိုဇမ်ဘစ်နိုင်ငံများသို့ တင်ပို့ရန်ရှိနေခြင်းတို့ကြောင့် လက်ရှိကျဆင်းနေသော ဈေးနှုန်းတွင် ပဲများကိုဝယ်ကာ စုဆောင်းနေသူများလည်း ရှိနေကြောင်း ဦးမျိုးမင်းက ပဲဈေးကွက်၌ လက်ရှိကြုံတွေ့နေရသည်များကို ပြောပြသည်။

ပြည်ပပို့ကုန်ဖြစ်သည့် ပဲစင်းငုံနှင့် မတ်ပဲများ ယခုနှစ်အတွင်း ဈေးကျနေသော်လည်း ပြီးခဲ့သည် နှစ်ပတ်က ကျပ် ၄၅၀၀၀ ဈေးရှိသော ကုလားပဲဖြူလုံးကြီး(V-7)သည် ဇူလိုင် ၁၇ ရက်တွင် ကျပ် ၄၈၀၀၀ အထိ ဈေးတက်သွားရာ တောင်သူများအနေဖြင့် ဈေးကောင်းရနေသောကြောင့် ဈေးကွက်သို့ တင်ပို့ရောင်းချမှုများနေသလို ကုလားပဲဖြူလုံးကြီးသည် ပြည်ပပို့ကုန်လည်းဖြစ်သည့်အတွက် လှောင်လက်များကလည်း တက်ဈေးကို အခြေပြုဝယ်ယူနေကြ၍ ကုလားပဲဖြူလုံးကြီးများ အရောင်းသွက်နေကြောင်း မုံရွာကုန်စည်ဒိုင် ပြန်ကြားရေးမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ သင်တန်းလေးခု တစ်ပြိုင်နက်ဖွင့်

**ဘားအံ ဇူလိုင် ၁၉**

ကရင်ပြည်နယ် ဘားအံစက်မှုဇုန်အနီးရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းလေးခုကို ဇူလိုင် ၁၇ ရက်က တစ်ပြိုင်နက် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်လှစ်သည့်သင်တန်းများမှာ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ မော်တော်ယာဉ်/ စက်ပြင်သင်တန်း၊ ဂဟေသင်တန်းတို့ဖြစ်သည်။ ဆောက်လုပ်ရေးသင်တန်း အပတ်စဉ်(၆)တွင် သင်တန်းသား ၂၀ ကို လက်သမား၊ ပန်းရန်၊ သံချည်သံကွေးနှင့် ပိုက်ပြင်ပိုက်ဆက်အတတ်ပညာများ၊ လျှပ်စစ်သင်တန်း အပတ်စဉ်(၆)တွင် သင်တန်းသား ၂၀ ကို အိမ်တွင်းလျှပ်စစ်ဝိုင်ယာစနစ်တကျသွယ်တန်းပုံအဆင့်ဆင့်၊ အခြေခံလေအေးပေးစက် တပ်ဆင်ပုံ၊ အိမ်သုံးဆိုလာစနစ် တပ်ဆင်ပုံအတတ်ပညာများ၊ မော်တော်ယာဉ်/စက်ပြင်သင်တန်း အပတ်စဉ်(၅)တွင် သင်တန်းသား ၃၀ ကို ဓာတ်ဆီ/ဒီဇယ် အင်ဂျင်ပြုပြင်ခြင်း၊ မော်တော်ယာဉ်အောက်ပိုင်းပြုပြင်ခြင်းနှင့် ကွန်ပျူတာထိန်းချုပ်စနစ်ဖြင့် ပြုပြင်ခြင်းဆိုင်ရာ အတတ်ပညာများ၊ ဂဟေသင်တန်း အပတ်စဉ်(၄)တွင် သင်တန်းသား ၂၀ ကို လျှပ်စစ်ဂဟေ၊ ဓာတ်ငွေ့ဂဟေ၊ စတီးလ်ဂဟေ၊ $CO_2$ ဂဟေနှင့် စနစ်တကျဂဟေဆက်နည်း၊ ဖြတ်တောက်နည်း အတတ်ပညာများကို သင်တန်းကာလ ငါးလကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းက "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့ နယ်စပ်ဒေသတွေမှာ ပုံမှန်ပညာသင်ကြားခွင့်မရရှိတဲ့ တိုင်းရင်းသားလူငယ်များအတွက် စက်မှုလက်မှုပညာရပ်များနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဖို့ရည်ရွယ်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကို ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။ ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့်က သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဘားအံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ မော်တော်ယာဉ်/စက်ပြင်သင်တန်းနှင့် ဂဟေသင်တန်းများတွင် တိုင်းရင်းသားလူငယ်များ အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့အထောက်အကူပြုသော ပညာရပ်များကို သင်ကြားပို့ချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# မိတ္ထီလာမြို့နယ်အတွင်း ပထမဆုံး တက္ကသိုလ်အဆင့် အခြေခံကင်းထောက်သင်တန်းဆင်း

**မိတ္ထီလာ ဇူလိုင် ၁၉**

မိတ္ထီလာမြို့နယ်အတွင်း ပထမဆုံး တက္ကသိုလ်အဆင့် အခြေခံကင်းထောက်သင်တန်းဆင်းပွဲကို ဇူလိုင် ၁၇ ရက်က မိတ္ထီလာတက္ကသိုလ် ဝန်ဇင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မိတ္ထီလာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ဖြူဖြူအေးက တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ပညာရေးသာမက အကျင့်စာရိတ္တကောင်းမွန်ရေး၊ အများအကျိုးဆောင်ရွက်လိုသည့် ပရဟိတစိတ်ဓာတ်များ မွေးမြူကျင့်သုံးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်ချက်များဖြင့် မိတ္ထီလာတွင် ပထမဆုံး တက္ကသိုလ်အဆင့် အခြေခံကင်းထောက်သင်တန်းကို မိတ္ထီလာ တက္ကသိုလ်တွင် ဖွင့်လှစ်ခွင့်ရရှိခဲ့ခြင်းမှာ ကျောင်းသားများအတွက် အဖိုးထိုက်တန်သည့် အခွင့်အရေးတစ်ခုဖြစ်ပြီး တက္ကသိုလ်အတွက်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ကင်းထောက်၏ မွန်မြတ်သည့် ပရဟိတကျင့်စဉ်များနှင့်အတူ သင်တန်းဆင်း ကင်းထောက်မောင်မယ်များအနေဖြင့် အများအကျိုးသယ်ပိုးနိုင်သူများဖြစ်အောင် ဆက်လက်ကြိုးပမ်းကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် မိတ္ထီလာတက္ကသိုလ် ကင်းထောက်အဖွဲ့၏ နာယကနှစ်ဦးဖြစ်သည့် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ဖြူဖြူအေးနှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာကေသီသင်တို့အား ကင်းထောက်လည်စည်းများကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ နည်းပြ ဒေါ်အိအိခင်က ဂုဏ်ပြုပေးအပ်ကာ နည်းပြက သင်တန်းဆင်း ကင်းထောက်မောင်မယ်များအနေဖြင့် နောင်မျိုးဆက်သစ် ကင်းထောက်မောင်မယ်များ တိုးပွားလာစေရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ကင်းထောက်မောင်မယ် ကျောင်းသားကျောင်းသူများအနေဖြင့် အများအကျိုး ဆောင်ရွက်သည့် လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြရန်နှင့် ခေါင်းဆောင်များ၏ဦးဆောင်မှုကိုလည်း လိုက်နာဆောင်ရွက်ကြရန် မှာကြားပြီး သင်တန်းသား သင်တန်းသူများ၏ သင်တန်းဆင်းလက်မှတ်များကို ကင်းထောက်အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒဿနိကဗေဒဌာန ပါမောက္ခ(ဌာနမှူး )ဒေါက်တာအေးအေးမာထံ ပေးအပ်ခဲ့သည်။

မိတ္ထီလာတက္ကသိုလ်၌ ဖွင့်လှစ်သည့် အဆိုပါ အခြေခံကင်းထောက်သင်တန်းကို ဇူလိုင် ၁၄ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၃၈ ဦးနှင့် ဆရာ ဆရာမ ၂၅ ဦးအား ကင်းထောက်လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ နည်းပြဒေါ်အိအိခင်နှင့် အဖွဲ့ဝင်များက စာတွေ့လက်တွေ့သင်ခန်းစာများဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သတင်းတိုများ

### တောင်သူပညာပေးဟောပြောပွဲနှင့် မိုးစပါးစံကွက် ကွင်းသရုပ်ပြ

ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျီခါးမြို့ စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် တောင်သူပညာပေးဟောပြောပွဲနှင့် မိုးစပါးစံကွက် ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၆ ရက်က စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ မိုးစပါးစံပြစိုက်ကွက်၌ ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် ကျီခါးမြို့အုပ်ချုပ်ရေးမှူး ဦးပဲန်လျန်ကျဲအိုက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထန်ခန့်ကပ်က သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်GAP (၁၄) ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နည်း အဆင့်ဆင့်ကို ဒေသခံတောင်သူများအား အသေးစိတ်ဟောပြောရှင်းလင်းကာ မျိုးစပါးစိုက်ပျိုးရာတွင် အတန်းလိုက်စိုက်ပျိုးနည်းစနစ်ကို ဒေသခံတောင်သူ ဦးဂင့်ဇခုပ်၏ စံပြစိုက်ကွက်၌ လက်တွေ့သရုပ်ပြခဲ့သည်။

**နေစု(ချင်းရိုးမ)**

### ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)၏ အစီအစဉ်ဖြင့် 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်အတွင်းရှိ ရွှေဝါကျေးရွာ၊ ကောင်းကော်ကျေးရွာ၊ ဟိုပင်ကျိုင်းကျေးရွာတို့မှ အိမ်ခြေ ၁၈၁ အိမ်တွင် တစ်အိမ်သုံးဆိုလာစနစ်များ တပ်ဆင်ပေးလျက်ရှိရာ ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဇေယျာဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးသိုက်စိုးတို့ ဇူလိုင် ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ရပ်ကွက်/ကျေးရွာပေါင်းစုံ လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်(TSDP)အရ ကျင်းပခဲ့သော အသက် (၁၈ နှစ်)အောက် တိုက်နယ်အလိုက် ရပ်ကွက်/ ကျေးရွာပေါင်းစုံ လူငယ်ဘောလုံး ပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၇ ရက်က ချောင်းဆုံမြို့အားကစားကွင်း၌ကျင်းပခဲ့ပြီး မုရစ်ကလေးတိုက်နယ် ဘောလုံးအသင်းနှင့် မုဒွန်းတိုက်နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ဗိုလ်လုကာ ဆုရရှိသောအသင်းများကို ဆုများချီးမြှင့်ခဲ့သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၈ ရက်က စတင်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ချောင်းဆုံမြို့နယ်ရှိ ချောင်းဆုံ၊ မုဒွန်း၊ ရွှာလွတ်နှင့် မုရစ်ကလေးတိုက်နယ် လေးတိုက်နယ် အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့၌ သွေးလွန်တုပ်ကွေးရောဂါအပါအဝင် ခြင်မှတစ်ဆင့်ကူးစက်သောရောဂါများ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါ်စုစုလှိုင် ဦးဆောင်သော ကျန်းမာရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ကျောင်းဆရာ ဆရာမများနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်းကာ မြို့မရပ်ကွက်ရှိ ဒေသခံပြည်သူများ၏ နေအိမ်များမှ ရေစည်၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းနှင့် ပြည်သူများအား အဘိတ်ဆေးအသုံးပြုနည်း ပညာပေးခြင်း စသည့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ဇူလိုင် ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



# သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်း

**အင်းတော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့မြို့ပေါ်ရပ်ကွက်များတွင် မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ဇူလိုင် ၁၇ ရက်က ခြင်ဆေးဖျန်းခဲ့ကြကြောင်း သိရသည်။

အင်းတော်မြို့ပေါ်ရပ်ကွက်များဖြစ်သည့် အောင်ချမ်းသာရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်နှင့် အောင်ဇေယျရပ်ကွက်များမှ အောင်ချမ်းသာရပ်ကွက်အတွင်းရှိ စာကြည့်တိုက်၊ စာသင်ကျောင်းများနှင့် လမ်းများအတွင်း ခြင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီက မြတ်စေတနာ နာရေးကူညီမှုအသင်းနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ခြင်ဆေးဖျန်းတဲ့ အဖွဲ့နှစ်ဖွဲ့ပေါင်းပြီး အောင်ချမ်းသာရပ်ကွက်က စာသင်ကျောင်းအပါအဝင် အိမ်ခြေ ၂၅၀ ခန့်နဲ့ ရပ်ကွက်တစ်ရပ်ကွက်ကို သုံးရက် ခြင်ဆေးဖျန်းရမှာပါ"ဟု အောင်ချမ်းသာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဝင်းက ပြောသည်။ ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းအတွက် စက်နှင့် မာလာသီယွန်ဆေးများကို မြို့နယ်စည်ပင်နှင့် မြတ်စေတနာ နာရေးကူညီမှုအသင်းတို့က အခမဲ့ကူညီပံ့ပိုးပေးခဲ့ပြီး ရပ်ကွက်နေပြည်သူများက စက်သုံးဆီကုန်ကျစရိတ်ကို ကျခံခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန
# အပ်ချုပ်စက်များ တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင် အသုံးပြုရန် အပ်ချုပ်စက်(၇၀၈)စုံအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာများကို ၁၁-၈-၂၀၁၇ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး စည်းကမ်းချက်များ၊ အရည်အသွေးသတ်မှတ်ချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်း-၀၆၇-၄၀၉၄၂၁၊ ၀၆၇-၄၀၉၂၁၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၇ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၆-၇-၂၀၁၇ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန၊ ခုတင်(၅၀၀)အထူးကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးပစ္စည်းများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၇ ရက် နံနက် ၁၀:၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၇ ရက် ညနေ ၄:၀၀ နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၄-၇-၂၀၁၇ ရက် နံနက် ၉:၀၀ နာရီ

၄။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန၊ ခုတင်(၅၀၀)အထူးကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး ရန်ကုန်မြို့တွင် အောက်ပါလုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူအပ်ပါသည်။

**သူနာပြုဆောင်အမိုးမိုးခြင်းလုပ်ငန်း**
**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၇ ရက် နံနက် ၁၀:၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၇ ရက် ညနေ ၄:၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၇-၇-၂၀၁၇ ရက် နံနက် ၉:၀၀ နာရီ

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၊**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## စက်နှင့်စက်ပစ္စည်းများအတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ လျှပ်စစ်စစ်ဆေးရေးကိရိယာများအား (ကျပ်ငွေ) ဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | 120 KV DC High Voltage DC Dielectric Tester | 1 Set |
| (ခ) | Transformer Winding & Tap Changer | 1 Set |
| (ဂ) | Residual Current Device Tester with optional accessories | 1 Set |
| (ဃ) | Multifunction Tester | 1 Set |

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၇ ရက် နံနက် ၀၉:၃၀ မှ ၁၆:၃၀ နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၈-၂၀၁၇ ရက် ၁၆:၀၀ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၄၁)၊ စက်မှုကြီးကြပ်ရေးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို စက်မှုကြီးကြပ်ရေးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် အသုံးပြုမည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးနှင့် ရုံးသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၁။ သုတေသနလုပ်ငန်းသုံးစက်ပစ္စည်းများ (၁၃၇)မျိုး
၂။ ရုံးသုံးစက်ပစ္စည်း (၁၈)မျိုး
၃။ ပရိဘောဂ (၂၁)မျိုး
၄။ Technical Books (1)Lot

၂။ တင်ဒါစက်ပစ္စည်း အသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြေညာထားမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ ရောင်းချမည့်ရက်မှာ ၁၃-၇-၂၀၁၇ရက်မှ ၃၁-၇-၂၀၁၇ ရက်အထိ ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန်မှာ ၁၇-၇-၂၀၁၇ရက်မှ ၄-၈-၂၀၁၇ရက်အထိ ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၆၃၂၅၈၊ ၀၁-၆၆၅၂၉၂၊ ၀၁-၆၆၃၀၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
## ရုံးအမှတ် ၃၂၊ နေပြည်တော်
# စိစစ်ရေးမှူး-၂ ရာထူးနေရာများအတွက် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့စစ်ဆေးမည့်အစီအစဉ်ကြေညာခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနက နေပြည်တော်၌ ၃-၆-၂၀၁၇ နှင့် ၄-၆-၂၀၁၇ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် စိစစ်ရေးမှူး-၂ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများကို ၂၈-၇-၂၀၁၇ရက်မှ ၃၁-၇-၂၀၁၇ရက်အထိ ကွန်ပျူတာကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သည့်စာရင်းကို ဤဦးစီးဌာန၏ ကြော်ငြာသင်ပုန်းနှင့် https:// www. mopf.gov.mm တို့တွင် ကြေညာထားရှိပါသည်။

၂။ ကွန်ပျူတာကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးမှုခံယူရန် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့ မိမိတို့ ဖြေဆိုရမည့်ရက်များတွင် သတ်မှတ်အချိန်အတိုင်း သတင်းပို့ကြရန်နှင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို မိမိနှင့်တစ်ပါတည်း ယူဆောင်လာရမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်-
(က) ဘွဲ့လက်မှတ် သို့မဟုတ် အောင်လက်မှတ်မူရင်း
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း

၃။ လူတွေ့စစ်ဆေးမှုနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၂၂၄၊ ၀၆၇-၄၀၆၀၆၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
# နည်းပြရာထူးရေးဖြေ/လူတွေ့ စာမေးပွဲစစ်ဆေးမည့် အစီအစဉ်ကြေညာခြင်း

၁။ **စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ပေးမည့်ရက်** - ၂၅-၇-၂၀၁၇ရက်မှ ၂၆-၇-၂၀၁၇ရက် (ရုံးချိန်အတွင်း)
၂။ **ရေးဖြေဖြေဆိုရမည့်ရက်** - ၂၈-၇-၂၀၁၇ ရက် (သောကြာနေ့)
၃။ **ဖြေဆိုရမည့်ဘာသာများ** - မြန်မာစာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာ၊
**မြန်မာစာ** - နံနက် ၈:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ
**အထွေထွေဗဟုသုတ** - နံနက် ၁၁:၃၀နာရီမှ မွန်းလွဲ ၁:၃၀နာရီအထိ
**အင်္ဂလိပ်စာ** - မွန်းလွဲ ၂:၀၀နာရီမှ ညနေ ၄:၀၀နာရီအထိ
၄။ **ရေးဖြေဖြေဆိုရမည့်နေရာ** - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် LRC ဆောင်၊ အခန်းအမှတ် -103
၅။ **လူတွေ့/နှုတ်ဖြေဖြေဆိုခွင့် ရရှိသူအမည်စာရင်းထုတ်ပြန်မည့်ရက်** - ၈-၈-၂၀၁၇ ရက် (အင်္ဂါနေ့)
၆။ **လူတွေ့စစ်ဆေးမည့်ရက်** - ၁၁-၈-၂၀၁၇ရက် (သောကြာနေ့) မြန်မာဘာသာ(ခန့်မှန်း)
၁၂-၈-၂၀၁၇ ရက် (စနေနေ့) အင်္ဂလိပ်ဘာသာ (ခန့်မှန်း)
၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) အခြားဘာသာများ (ခန့်မှန်း)

အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၅၃၅၉၈၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး (စီမံ/ဘဏ္ဍာ)**
**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်**

# CLAIMS DAY NOTICE
# M.V VIKING EMERALD VOY:NO(3)

Consignees of cargo carried by M.V VIKING EMERALD VOY:NO(3) are here by notified that the vessel will arrive on about 22-7-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွာသာကျေးရွာနေ၊ ဦးကျော်ခင်-ဒေါ်တင်ငွေး၏သမီးများ မအိအိဖြိုး(ခ)မအိအိငြိမ်း တက္ကသိုလ်ဝင်တန်းအောင်နှင့် မအိအိမိုး(ခ)မအေးအေးငြိမ်း တက္ကသိုလ်ဝင်တန်း ဥတ္တရသီရိမြို့နယ်၊ တက်ရှိန်း အထကခွဲတို့မှာ တစ်ဦးတည်း ဖြစ်ကြပါကြောင်း။

**မအိအိဖြိုး(ခ)မအိအိငြိမ်း**
**မအိအိမိုး(ခ)မအေးအေးငြိမ်း**

## အမည်မှန်

တာချီလိတ်မြို့၊ အလက ရန်အောင်မြေ၊ တတိယတန်း(A)မှ မအီလန်း၏ အမည်မှန်မှာ နန်းရှဲန်နောင့်ဖြစ်ပြီး၊ တတိယတန်း(B)မှ မယေ့နပ်၏အမည်မှန်မှာ နန်းရှဲန်ဟွမ် ဖြစ်ပြီး ၎င်းတို့၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁၀-၂၀၀၂ ဖြစ်ပါကြောင်းနှင့် မိဘအမည်မှန်မှာ ဦးအိုက်ဆမ် ၁၃/မယန(နိုင်)၀၀၃၄၃၉ နှင့် ဒေါ်နန်းလုံ ၁၃/မယန(နိုင်) ၀၀၃၄၄၀ တို့ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## မန္တလေးမြို့
# (၄၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဆေးတက္ကသိုလ်-မန္တလေး၏ (၄၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အစမ်းလေ့ကျင့်ခြင်း** ၂၅-၈-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၈:၃၀ နာရီ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း ဘွဲ့ယူကြသူများအားလုံး (ပါရဂူဘွဲ့၊ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့)

**ဘွဲ့နှင်းသဘင်** ၂၆-၈-၂၀၁၇ ရက် (စနေနေ့) နံနက်ပိုင်း နံနက် ၈:၃၀ နာရီ (ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့) (ဆေးလက်တွေ့အခြေခံဘာသာရပ်များ)၊ ဒီပလိုမာဘွဲ့၊ ဆေးပညာဘွဲ့) မွန်းလွဲပိုင်း မွန်းလွဲ ၂:၀၀ နာရီ (ဆေးလက်တွေ့ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့) (ဆေးလက်တွေ့ဘာသာရပ်များ၊ ဆေးပညာဘွဲ့)

၂။ (၄၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်-မန္တလေး၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်-
(က) ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ ပါရဂူဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ။
(ခ) ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ။
(ဂ) ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ ဒီပလိုမာဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ။
(ဃ) ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၀၁၇ ခုနှစ်၊ ဇွန်လနှင့် (လျှောက်လွှာပိတ်ရက်)တို့တွင် အလုပ်သင်တာဝန် (၁)နှစ်အပြည့်အဝ ထမ်းဆောင်ပြီးသူများ။

၂၀၁၆-၂၀၁၇ ခုနှစ်မတိုင်မီက အလုပ်သင်ဆရာဝန် တာဝန်(၁)နှစ်ထမ်းဆောင်ပြီးဆုံးပြီး ဘွဲ့နှင်းသဘင်မတက်ရောက်ခဲ့သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) တက်ရောက်ဘွဲ့ - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
(ခ) အဝေးရောက်ဘွဲ့ - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
(ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာဘွဲ့ - ၈၀၀၀၀/-(ကျပ်ရှစ်သောင်းတိတိ)
(ဃ) ဒီပလိုမာဘွဲ့(ပြင်ပဆရာဝန်များ) - ၂၅၀၀၀၀/-(ကျပ်နှစ်သိန်းငါးသောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာဌာနမှ ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ် (၁½လက်မ×၂လက်မ) ဓာတ်ပုံ(၄)ပုံ (အမျိုးသားများသည် လည်ကတုံးရှပ်နှင့်တိုက်ပုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့် အမျိုးသမီးများသည် ရင်ဖုံးလက်ရှည်အင်္ကျီ(ပြောင်)ဖြင့် ဓာတ်ပုံဖြစ်ရမည်) ပူးတွဲလျက် ၂၄-၇-၂၀၁၇ မှ ၁၁-၈-၂၀၁၇ ရက်ထိ တင်သွင်းကြရမည်။

၅။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ (လည်ကတုံးရှပ်နှင့်တိုက်ပုံ)/အနောက်တိုင်းဝတ်စုံ/တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ(လုံချည်၊ အင်္ကျီ)/တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများ အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**(အေးအေးမော်)**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်-မန္တလေး**
**မန္တလေးမြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
# ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
# "မြန်မာ့ကျောက်မျက်ရတနာနေ့" ကျင်းပမည့်အခမ်းအနားသို့တက်ရောက်ရန်
# ဖိတ်ကြားခြင်း

မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ အသင်းဝင်/အသင်းသားများအားလုံး တက်ရောက်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၃-၈-၂၀၁၇ ရက် (ကြာသပတေးနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉:၀၀ နာရီ
**ကျင်းပမည့်နေရာ** - 'မဏိရတနာကျောက်စိမ်းခန်းမ' ရာဇသင်္ဂဟလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်း၊ နေပြည်တော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်**

ကမ္ဘာ့ အသည်းရောင်အသားဝါနေ

အသည်းရောင်အသားဝါ ရောဂါ ပပျောက်ရေး ဝိုင်းဝန်း ကူညီပေး

MGLS

ELIMINATE HEPATITIS

ကမ္ဘာ့အသည်းရောင်အသားဝါနေ့ အခမ်းအနားတွင်

